မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာ၊ မျိုးချစ်စိတ်ဓာတ်ဆိုင်ရာ စိန်ခေါ်မှုများ

တန်ပြန်ကာကွယ်စောင့်ထိန်းနိုင်ရေး အမျိုးသားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဦးခင်အောင်မြင့်အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဦးခင်အောင်မြင့်အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

"ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင်ခုနှစ်ခရိုင်၌ လေ ဆင် နှာ မောင်း တိုက်ခတ်"

စာ - ၄

"ဝေဟင်တွင် လျှို့ဝှက်ဆန်းကြယ်စွာ ပျောက်ဆုံးသောလေယာဉ် နှစ်နှစ်နီးပါးအကြာ သမုဒ္ဒရာအတွင်း ပြန်လည်တွေ့ရှိ"

စာ - ၄



အာဆီယံ - အိန္ဒိယကုန်သွယ်မှု ပိုမိုမြင့်မား

မြန်မာ့ထုတ်ကုန်ပစ္စည်းများ ပြည်ပဈေးကွက်ပိုမိုတင်ပို့နိုင်

ရန်ကုန် ဧပြီ ၅

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - မြင့်မောင်စိုး

ဒေသတွင်းနိုင်ငံများ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အရှေ့တောင် အာရှနိုင်ငံများအသင်း (The Association of South East Asian Nations-ASEAN) အာဆီယံကို ထူထောင်ခဲ့သည်။

အာဆီယံအသင်းကို ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်ထူထောင်ခဲ့ပြီး ယခုအခါအသင်းဝင်နိုင်ငံများအဖြစ် မြန်မာ၊ ဘရူနိုင်းဒါရူဆလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်နေကြပြီဖြစ်သည်။

အာဆီယံနိုင်ငံများအနေဖြင့် အာရှနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

နယူးဒေလီမြို့၌ ကျင်းပသော အိန္ဒိယ-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာ လက်ဝတ်ရတနာများ ခင်းကျင်းပြသထားမှုကို ဤသို့ တွေ့ခဲ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၆ ရက်)

ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး ကြိုးပမ်းစွမ်းဆောင်

လူတိုင်းသည် မိမိဘဝကြီးပွားတိုးတက်ရေးအတွက် ရည်မှန်းချက်ပန်းတိုင်ထားရှိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာရေးထွန်းပေါက်မှုအတွက် ရည်မှန်းချက်၊ စီးပွားရေးတိုးတက်မှုအတွက် ရည်မှန်းချက်စသည်ဖြင့် ရည်မှန်းချက်အမျိုးမျိုးကိုထားရှိပြီး လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။

မိမိဘဝတိုးတက်ရန်၊ မိမိ မိသားစုတိုးတက်ရန်၊ မိမိနိုင်ငံတိုးတက်ရန်အတွက် တစ်ပါးသူကိုအားကိုး၍မရ။ မိမိကိုယ်ပိုင် အရည်အချင်းပေါ်တွင်သာ မူတည်ပေသည်။

ကြီးပွားတိုးတက်လိုသူတိုင်း ထားရှိရမည့်အရည်အချင်းကောင်းတစ်ခုသည် မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်းပင်ဖြစ်သည်။ မြတ်သောအကျင့်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများကို လက်ကိုင်ထားခြင်း၊ ကျင့်သုံးခြင်းဖြစ်သည်။ တစ်ဦး၏ကောင်းကျိုးကို တစ်ဦးကလိုလားပြီး မေတ္တာတရားရှိနေသမျှ မည်သည့်ပဋိပက္ခမျှ ဖြစ်ပေါ်လာမည်မဟုတ်ချေ။ တစ်ဦးတစ်ယောက် ပျက်စီးရာပျက်စီးကြောင်းကို တစ်ဦးကလိုလားပြီး မေတ္တာမထားနိုင်လျှင်သာ ပဋိပက္ခများဖြစ်ပေါ်နေမည်ဖြစ်သည်။

လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းဥပဒေများကို ကောင်းစွာသင်ကြားလိုက်နာခြင်းသည် ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး စသည်တို့ကို လုပ်ဆောင်ရာတွင် အောင်မြင်မှုရရှိပြီး ကြီးပွားတိုးတက်မည်ဖြစ်သည်။ သစ်ပင်တစ်ပင်တွင် အမြစ်ပုပ်လျှင် အပင်သေရသကဲ့သို့ လူမှုအသိုင်းအဝိုင်းတွင် ကိုယ်ကျင့်တရားမကောင်းလျှင် ဘဝသေရမည်ဖြစ်သည်။

ထို့ကြောင့် လူတိုင်းသည် ကောင်းသောစိတ်ဓာတ်မွေးမြူရမည်ဖြစ်ပြီး ကောင်းသောစိတ်ဓာတ်ဖြင့် တိုးတက်မှုကို ပြိုင်ဆိုင်ကြရမည်ဖြစ်သည်။ မည်သူ့တရားပျက်ပျက် ကိုယ်မပျက်ရ။ အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းသည် အောင်မြင်မှုကိုရရှိနိုင်သည်။

သို့ဖြစ်ပေရာ လူတိုင်းသည် ဘဝ၏ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ စိတ်ရင်းစေတနာကောင်းထားရှိပြီး အချင်းချင်း ချစ်ချစ်ခင်ခင်ဖြင့် လက်တွဲဆောင်ရွက်သွားကြပါက ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်လမြိုင်နှင့်သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၃ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးရှိ ပင်မခွဲစိတ်ဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့ ဇေယျာသီရိရပ်၌ Asia World ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် အလျားပေ ၁၀၀၊ အနံပေ ၇၀ရှိ RC တစ်ထပ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို လည်းကောင်း၊ မော်လမြိုင်မြို့ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၌ အလျား ၇၅ပေ၊ အနံပေ ၅၀ရှိ RC တစ်ထပ်တိုးချဲ့ဆောင်သစ်ဆောက်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မေးမြန်းဆွေးနွေး

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် သထုံမြို့ရှိ ဆောက်လုပ်ပြီးဖြစ်သည့် ကွန်ပျူတာတက္ကသိုလ်သို့ရောက်ရှိကာ တာဝန်ရှိသူများအား တက္ကသိုလ်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၅

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်ဟွီးပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Yu Yong ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါကိုယ်စားလှယ် အဖွဲ့သည် မတ် ၁၄ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံ ကြသည်။

တွေ့ဆုံပွဲတွင် အန်ဟွီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကူအညီပေးရေးကိစ္စ၊ အန်ဟွီးပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအခြေအနေများနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကိစ္စ၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊စားသောက်ကုန်လုပ်ငန်းများတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူရင်းနှီးမြှုပ်နှံနိုင်မည့်ကိစ္စများကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ကုန်သည်/စက်မှုအသင်းချုပ်)

တီဘီတိုက်ဖျက်ရေးနေ့အခမ်းအနား သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး အထူးကုဆရာဝန်ကြီး ဒေါက်တာစန်းစန်းရှိန်က ခရိုင်အတွင်း တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လိုက်လံကြည့်ရှု

ထို့နောက် ၂၀၁၁ခုနှစ် ခရိုင်အဆင့်ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် မြို့နယ်များကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲ ဆုရရှိသော မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့် **(အပေါ်ဝဲပုံ)**က လည်းကောင်း၊ ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲဆုရ မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများအား တိုင်းဒေသကြီး၊ ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်ကလည်းကောင်းဆုများ ချီးမြှင့်ကြသည်။ ယင်းနောက် တာဝန်ရှိသူများက ပြခန်း၌ ပြသထားသော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ လှုပ်ရှားမှုဓာတ်ပုံများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၂၅)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့နှင့်အတူ မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်မှုအခြေအနေကို ဧပြီ ၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပေါက်မြို့တွင် အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်း

ပေါက် ဧပြီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပေါက်)၏ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အမှတ်စဉ် (၁၂)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်တင်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အခြေခံအိမ်တွင်းမှုသင်တန်းတွင် ထူးချွန်ဆုရရှိသည့် မငွေငွေအေး (ကိုင်းမကျေးရွာ)အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က လည်းကောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသည့် မသန်းသန်းဦး(နယ်သတ်ကျေးရွာ)အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ခိုင်ကလည်းကောင်း အပ်ချုပ်စက် တစ်လုံးစီပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်တင်က သင်တန်းသူများသို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ အခြေခံသင်တန်းသူ ၃၈ ဦး၊ အဆင့်မြင့်သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

ဖြည့်စွက်ရှင်းလင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဌာနဆိုင်ရာအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ယဉ်ကျေးမှုဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်နှင့် နိုင်ငံတော်က တာဝန်ပေးအပ်သည့် ကော်မတီများ၌ ပါဝင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက အနုပညာဦးစီးဌာန ဖွဲ့စည်းထားရှိမှု၊ ဝန်ထမ်းအင်အားအခြေအနေနှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနခွဲတာဝန်ခံများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးတင်စိုးတို့က တက္ကသိုလ် ဖွင့်လှစ်ခဲ့မှုနှင့် သင်ကြားစီမံကိန်းရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

မိတ်ဆက်ပေး

ယင်းနောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းတို့က သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အာဆီယံလူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်းပြမြေပုံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနခွဲတာဝန်ခံများနှင့် မိတ်ဆက်ပေးကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကလည်း ဌာနဆိုင်ရာအလိုက် တင်ပြချက်များအပေါ်လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။

ကျေးဇူးတင်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနား၌ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနအလိုက် တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြပါကြောင်း၊ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကလည်း လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရှင်းလင်းဆွေးနွေးမှုများအတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းများသည် သိမ်မွေ့ကျယ်ပြန့် နက်နဲပြီး အမျိုးသားရေးအတွက်၊ အမျိုးဂုဏ် ဇာတိဂုဏ်ထိန်းသိမ်းရေးအတွက် အရေးကြီးသည့် လုပ်ငန်းများပင်ဖြစ်ပါကြောင်း။

အမျိုးသားရေးလုပ်ငန်း

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် Globalization ခေတ်တွင် ဖြစ်ပေါ်လာသည့် ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာ၊ မျိုးချစ်စိတ်ဓာတ်ဆိုင်ရာ စိန်ခေါ်မှုများကို တန်ပြန်ကာကွယ်စောင့်ထိန်းနိုင်ရေးအတွက် အရေးကြီးသည့် အမျိုးသားရေးလုပ်ငန်းတာဝန်များကို ယနေ့ထမ်းဆောင်နေကြရပါကြောင်း။

တင်ပြချက်များကိုလေ့လာသုံးသပ်ကြည့်ပါက ဌာနတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်အကောင်အထည်ဖော်ရမည့် Routine လုပ်ငန်းများ၊ Routine သဘောမဟုတ်ဘဲ လိုအပ်ချက်အရ အထက်ဌာနများ၊ အခြားဝန်ကြီးဌာနများ၊ ပြည်ပနိုင်ငံများနှင့်ပေါင်းစပ်ပြီး အချိန်ယူ စီမံဆောင်ရွက်ရမည့် လုပ်ငန်းများဟူ၍ ခွဲခြားနိုင်ပါကြောင်း၊ ၎င်းလုပ်ငန်းများနှင့် ဆောင်ရွက်ရမည့် အစီအမံများကို ချွတ်ယွင်းအားနည်းချက် အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

အောင်မြင်အောင်ဖော်ဆောင်

မူဝါဒပိုင်းဆိုင်ရာ လတ်တလောပြောင်းလဲချမှတ်ရန် မရှိသေးသည့်အတွက် ယခင်ချမှတ်ထားသည့် မူဝါဒများအတိုင်းသာ လောလောဆယ် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အနာဂတ်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ကြိုတင်မျှော်တွေး ပြင်ဆင်တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ အောင်မြင်အောင်ဖော်ဆောင်သွားရန် ဖြစ်ပါကြောင်း။

သက်တန့်ကာလ လုံခြုံရေး၊ မီးဘေးလုံခြုံရေး၊ သဘာဝဘေးလုံခြုံရေး၊ တာဝန်ထမ်းဆောင်မှုများ အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များအား တာဝန်ရှိသူ အဆင့်ဆင့်မှ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

လက်တွဲပူးပေါင်း

မူလကပင် လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်ပတ်သက်မှုရှိနေသည့် မိမိတို့ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့ပြီ ဖြစ်သည့်အတွက် ဌာနနှစ်ခုပေါင်းစပ်ပြီး နှစ်ကိုယ့်တစ်စိတ်လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း၊ အသွင်သဏ္ဌာန်အရရော အနှစ်သာရအပိုင်းပါ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဌာနနှစ်ခုစလုံး၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက် အောင်မြင်စေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် အခမ်းအနားကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၉၀လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၆ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၄-၂၀၁၁

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀ ၇။ ခါသကြံန်အဆိုအကများ
၈:၂၅ ၈။ အတီးပြိုင်ပွဲ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ ခါသကြံန်အဆိုအကများ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ ခါသကြံန်အဆိုအကများ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၆။ သီချင်းကြီးပဒေသာ
၅:၀၀ ၇။ ခါသကြံန်အဆိုအကများ
၅:၁၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၂၀ ၉။ သန့်ရှင်းသောစွမ်းအင်များ
၅:၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၅ ၁၄။ ရွှေရင်ခုန်သံ
၇:၀၀ ၁၅။ ရာသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၇:၃၅ ၁၆။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၉)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၉)
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **လှပသောနေ့သစ်များ** ခန့်စည်သူ၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင် (ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင်)
၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

စူပါမားကတ် မီးရှို့သူအုပ်စုနှင့် လုံခြုံရေးတပ်များ မက္ကဆီကိုတွင် တိုက်ပွဲဖြစ် သုံးဦးသေဆုံး၊ လေးဦး ဒဏ်ရာရ

မက္ကဆီကိုစီးတီး ဧပြီ ၅

မက္ကဆီကိုနိုင်ငံ အကာပူလိုမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်အုပ်စုတစ်စု ဧပြီ ၅ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ယင်းတိုက်ပွဲအတွင်း သုံးဦးသေဆုံးခဲ့ရသည်။

သေဆုံးခဲ့

ထိုမြို့တွင်းရှိ စူပါမားကတ်တစ်ခုအား မီးရှို့ဖျက်ဆီးနေသည့် လက်နက်ကိုင်အုပ်စုတစ်စုကို ရဲဝန်ထမ်းများနှင့် စစ်တပ်က တားဆီးရာမှ ရုတ်တရက် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲမှာ နှစ်နာရီခန့် ကြာမြင့်ပြီး စစ်သားတစ်ဦးနှင့် လက်နက်ကိုင်နှစ်ဦးသေဆုံးခဲ့သည်။

အကာပူလိုမြို့သည် ရုံးပိတ်ရက်များတွင် လူအများလာရောက်အပန်းဖြေရာ မြို့ဖြစ်ပြီး ယခုနှစ်အတွင်း ထိုမြို့၌ အကြမ်းဖက်မှုများ ပိုမိုမြင့်တက်လျက်ရှိသည်။

ယခုအကြမ်းဖက်မှုကြောင့် ရုပ်ရှင်ရုံတစ်ရုံ၊ စူပါမားကတ်တစ်ခုနှင့် ဈေးဆိုင်တစ်ဆိုင် မီးလောင်ပြိုကျခဲ့သည်။ **(အပေါ်ပုံ)** ဒဏ်ရာရသူ လေးဦးရှိပြီး လက်နက်ကိုင် ခုနစ်ဦးအား ဖမ်းဆီးရမိကြောင်း ရဲဝန်ထမ်းတစ်ဦးက ပြောကြားသည်။

မီးရှို့ဖျက်ဆီး

ပြီးခဲ့သည့်လအတွင်းကလည်း ညကလပ်တစ်ခုကို လက်နက်ကိုင်များ စီးနင်းတိုက်ခိုက်ပြီး မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူ ၁၀ ဦး သေဆုံးခဲ့ရသည်။ ထိုအဖြစ်အပျက်နှင့် တစ်ပတ်တည်းတွင် လူတစ်ဦးကို လက်နက်ကိုင် အုပ်စုတစ်စုက လိုက်လံပစ်ခတ်ဖမ်းဆီးရာတွင် အိမ်တစ်အိမ်အား ဖြတ်သန်းပြေးလွှားချိန်၌ ထိုအိမ်အတွင်းရှိ အမျိုးသားနှစ်ဦး သေနတ်ထိမှန် သေဆုံးမှုဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

ဝေဟင်တွင် လျှို့ဝှက်ဆန်းကြယ်စွာ ပျောက်ဆုံးသော လေယာဉ် နှစ်နှစ်နီးပါးအကြာ သမုဒ္ဒရာအတွင်းပြန်လည်တွေ့ရှိ

ပါရီ ဧပြီ ၅

လုံးဝပြန်မတွေ့နိုင်တော့ဟု ယူဆထားသည့် ပြင်သစ်ခရီးသည်တင် လေယာဉ်ကြီးတစ်စင်းကို အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်တွင် ခရီးသည်အချို့၏ ရုပ်ကြွင်းများနှင့်အတူ တွေ့ရှိခဲ့ကြောင်း ပြင်သစ်အစိုးရက ဧပြီ ၄ ရက်တွင် ပြောကြားသည်။

သေဆုံးခဲ့

ပြင်သစ်လေကြောင်းလိုင်း အဲဘတ်စ် ၃၃၀-၂၀၃ ခရီးသည်လေယာဉ်ကြီးသည် ခရီးသည် ၂၂၈ဦးနှင့် လေယာဉ်အမှုထမ်းများ တင်ဆောင်ကာ ၂၀၀၉ ခုနှစ် ဇွန် ၁ ရက်က ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့အသွား အတ္တလန္တိတ်သမုဒ္ဒရာအထက် ဝေဟင်အတွင်း ဆက်သွယ်မှုပြတ်တောက်၍ လျှို့ဝှက်ဆန်းကြယ်စွာ ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ ၎င်းလေယာဉ်ပေါ်တွင် လိုက်ပါသွားသောခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအားလုံး သေဆုံးခဲ့ရသည်။

တွေ့ရှိခဲ့

ပြင်သစ်လေကြောင်းလိုင်းက ကာလအတန်ကြာအောင် ရှာဖွေသော်လည်း မတွေ့ခဲ့ဟုဆိုသည်။ လေယာဉ်ပျက်ကျပြီး အတ္တလန္တိတ်သမုဒ္ဒရာအတွင်း လူမပါသည့် ရေငုပ်သင်္ဘောများအသုံးပြု၍ စတုတ္ထအကြိမ်မြောက် ရှာဖွေခဲ့ရာ ဧပြီ ၃ ရက်တွင် လေယာဉ်အင်ဂျင်နှင့် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများ **(ယာပုံ)** ပါဝင်သည့် အပျက်အစီးများကို တွေ့ရှိခဲ့ကြောင်း ပြင်သစ်ပတ်ဝန်းကျင် ရေးရာဝန်ကြီး နာတာလိုင်းကို့စ်စီစ ကိုမိုရီဇာတ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကုလလေယာဉ် ကွန်ဂို၌ ပျက်ကျ ၃၂ ဦး သေဆုံး

ကင်ရှာဆာ ဧပြီ ၅

ကုလသမဂ္ဂလေယာဉ်တစ်စင်း ဧပြီ ၄ ရက်က ကွန်ဂိုနိုင်ငံ၏ မြို့တော်ကင်ရှာဆာမြို့ လေဆိပ်သို့ ဆင်းသက်ရန် ကြိုးစားစဉ် ပျက်ကျခဲ့သဖြင့် လေယာဉ်ပေါ်ပါရှိသူ ၃၂ ဦး စလုံး သေဆုံးသွားကြောင်း ကုလသမဂ္ဂ သတင်းရပ်ကွက်တစ်ခုက ရိုက်တာသို့ ပြောကြားသည်။ **(ဝဲပုံ)**

ပြောကြား

အဆိုပါ လေယာဉ်သည် လေယာဉ်ကွင်းပြေးလမ်းပေါ်သို့ အရှိန်ဖြင့် ထိုးဆင်းလာပြီးနောက် နှစ်ပိုင်းပြတ်ကာ မီးလောင်သွားခဲ့ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ ၎င်းလေယာဉ်သည် ကွန်ဂိုနိုင်ငံ အရှေ့ပိုင်း ဂိုမာမြို့မှ ပျံသန်းလာခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

နီပေါ၌ နှစ် ၂၀၀၀ ခန့်က အဆောက်အအုံပျက်တွေ့

ခတ္တမန္ဒူ ဧပြီ ၅

နီပေါနိုင်ငံအရှေ့ပိုင်း ဟာပါခရိုင်အတွင်းရှိ ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည့် ကီချာဘက်သယ်အရပ်တွင် နှစ်ပေါင်း ၂၀၀၀ခန့်က ရှေးဟောင်း အဆောက်အအုံပျက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြင်သစ်ရှေးဟောင်း သုတေသနအဖွဲ့တစ်ဖွဲ့က ဧပြီ ၄ ရက်၌ ထုတ်ဖော်ပြောကြားသည်။

သုံးသပ်ခဲ့

၎င်းအဆောက်အအုံမှာ ငလျင်လှုပ်မှုကြောင့် ပျက်စီးခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါ ရှေးဟောင်းသုတေသနအဖွဲ့က သုံးသပ်ခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် ➢ စုစည်းသည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင်ခုနစ်ခရိုင်၌ လေဆင်နှာမောင်းတိုက်ခတ်

ဒါကာ ဧပြီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင်ခုနစ်ခရိုင်တွင် ဧပြီ ၄ ရက်က အင်အားပြင်းထန်သော လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ရာ ၁၂ ဦးသေဆုံးပြီး ၁၅၀ ကျော် ဒဏ်ရာရရှိကာ နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ဧပြီ ၅ ရက်၌ ပြောကြားသည်။

ပျက်စီး

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းရှိ ဂျာမာပူရာ၊ သာကူရာဂါအွန်၊ ရှီရာပူရာ၊ မိုင်မင်းဆင်း၊ ဂိုင်ဘန်ဟာ၊ ဂျိုင်ပူရာဟက်နှင့် ဘော့ရာခရိုင်တို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ရာပေါင်းများစွာ ပျက်စီးပြီး သစ်ပင်များပြိုလဲကျကာ ဓာတ်ကြိုးများ ပြတ်တောက်ခဲ့သည့်အပြင် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ **(အပေါ်ယာပုံ)**

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဂျာမာပူရာခရိုင်တွင် လေးဦးသေဆုံး၍ ၅၀ ခန့် ဒဏ်ရာရရှိခဲ့ပြီး အိမ် ၂၀၀ ခန့်ပျက်စီးခဲ့သည်။ ရှီရာပူရာခရိုင်တွင် သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကာ အိမ် ၃၀၀ ကျော်ပျက်စီးခဲ့သည့်အပြင် မိုင်မင်းဆင်းခရိုင်တွင် သုံးဦးသေဆုံးကာ လူအချို့ဒဏ်ရာရရှိခဲ့ပြီး နေအိမ်များ ပျက်စီးခဲ့သည်။

တစ်ဖန် ဂိုင်ဘန်ဟာ ခရိုင်တွင် တစ်ဦးသေဆုံးကာ ၄၅ ဦးခန့် ဒဏ်ရာရရှိခဲ့ပြီး အခြားခရိုင်များတွင် တစ်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ပီရူးတောင်ပိုင်း၌ မြေပြို၊ ကိုးဦးသေဆုံး

လီမာ ဧပြီ ၅

ပီရူးနိုင်ငံတောင်ပိုင်း ကူစကိုမြို့တွင် ဧပြီ ၄ရက်က မြေပြိုမှု ဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပီရူးအမျိုးသား ရဲတပ်ဖွဲ့က ဧပြီ ၅ရက်၌ ပြောကြားသည်။

ဖြစ်ပွားခဲ့

ပြီးခဲ့သည့် ရက်အနည်းငယ်မှစတင်ကာ တောင်ကုန်းဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ယခုကဲ့သို့ မြေပြိုမှု ဖြစ်ပွားရခြင်းဖြစ်ပြီး ထိုဒေသ၌ အယာဟူကိုတောင်ပြိုကျမှုလည်းဖြစ်ခဲ့ရာ အနီးဝန်းကျင်တွင် နေထိုင်ကြသူများ အသက်ဆုံးရှုံးမှုနှင့် ဒဏ်ရာရရှိမှုများ ရှိခဲ့ခြင်းဖြစ်သည်။

မြေပြိုရာဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာကာ ဒဏ်ရာရရှိသူများအား ဆေးရုံတင်ပို့ပေးခဲ့ကြသည်။ **(အင်တာနက်)**

ဆိုယုဇ်တီ အမ်အေ-၂၁ ရုရှားအာကာသယာဉ် အောင်မြင်စွာလွှတ်တင်

ဘိုင်ကိုနော ဧပြီ ၅

ရုရှားနိုင်ငံ ကာဇက်စတန်ရှိ ဘိုင်ကိုနောအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဆိုယုဇ်တီအမ်အေ-၂၁ အာကာသယာဉ်ကို ဧပြီ ၅ ရက် မော်စကိုစံတော်ချိန် နံနက် ၂ နာရီ ၁၈ မိနစ်၌ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ၎င်းအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

လိုက်ပါသွား

ဆိုယုဇ်တီအမ်အေ-၂၁ အာကာသယာဉ်ကို ဆိုယုဇ်-အက်ဖ်ဂျီ ဒုံးပျံက သယ်ဆောင်သွားခြင်းဖြစ်ပြီး ရုရှားအာကာသယာဉ်မှူး အလက်ဇန္ဒြားဆာမိုကော့ယက်ဗ်နှင့် အင်ဒရီဘိုရီဆင်ကိုတို့အပြင် အမေရိကန်အာကာသယာဉ်မှူး ရိုလန်ဂရင်းတို့လည်း ၎င်းအာကာသယာဉ်နှင့်အတူ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လိုက်ပါသွားခဲ့ကြသည်။

ဆိုယုဇ်တီအမ်အေ-၂၁ အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ဧပြီ ၆ ရက် မော်စကို စံတော်ချိန် နံနက် ၃ နာရီ ၁၈ မိနစ်၌ ချိတ်ဆက်မည်ဖြစ်သည်။

စီစဉ်ထား

အတူလိုက်ပါသွားသည့် အာကာသယာဉ်မှူး သုံးဦးမှာ နိုင်ငံတကာ အာကာသယာဉ်စခန်း၌ ရက်ပေါင်း ၁၇၀ ခန့် နေထိုင်သွားကြရန် စီစဉ်ထားသည်။ **(အင်တာနက်)**

လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဧပြီ ၅

လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည် ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဘဏ္ဍာအခွန်/သစ်တောနှင့် သားငါးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်နှင့်လူမှုဝန်ထမ်းနှင့်ဟိုတယ်ခရီးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း မြစ်ကြီးနားသင်္ဘောဖြင့် ရောက်ရှိလာသည့် လေဘေးသင့် ရေလုပ်သား ၃၁၈ ဦးအား သာကေတဆိပ်ခံတံတားမှ ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆိပ်ခံတံတား ခရီးသည် ခန်းမဆောင်၌ လေဘေးသင့်ရေလုပ်သားများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများကို တစ်ဦးချင်း ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လေဘေးသင့်ရေလုပ်သားများအား ယင်းတို့၏ နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

New Mobile ၏ သကြၤန်အကြိုအထူးဈေးရောင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

New Mobile ၏ သင်္ကြန်အကြို အထူးဈေးရောင်းပွဲကို ဆိုင်ခန်းတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၇၁/၂၇၃ရှိ အရောင်းခန်းမ၌ ဧပြီ ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည်။

ဈေးနှုန်းလျှော့ချ

ဈေးရောင်းပွဲတော်တွင် CDMA 450 MHz, 800 MHz ဟန်းဆက်များ၊ အထိုင်ဖုန်းများနှင့် စင်ကာပူနိုင်ငံမှ တင်သွင်းသည့် GSM ဟန်းဆက်များကို ပြင်ပဆိုင်များ၌ ရောင်းချသည့် ဈေးနှုန်းထက် များစွာ ဈေးနှုန်းလျှော့ချရောင်းလျက်ရှိသည်။

ဈေးရောင်းပွဲ ကာလအတွင်း Nokia Smart Phone ကိုင်ဆောင်သူများအား ကြိုက်နှစ်သက်ရာ Software သုံးခုကို အခမဲ့ ထည့်သွင်းပေးခြင်း သို့မဟုတ် Version များကို အခမဲ့အဆင့်မြှင့်တင်ပေးခြင်း အစီအစဉ်များအပြင် Package အလိုက်သွင်းယူလိုသူများကိုလည်း ၅၀ ရာခိုင်နှုန်း Discount နှုန်းထားဖြင့် သွင်းယူနိုင်မည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

ထို့အပြင် CDMA 800 MHz ကိုင်ဆောင်ထားသူများအတွက် အင်တာနက်လိုင်း လျှောက်ထားလိုသူများအား အလျင်အမြန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၆၅၉၄နှင့် ၀၉-၅၀၉ ၁၂၈၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း (၁၆/၂)ရပ်ကွက် အမှတ် ၁၁၃ အေ မြေညီထပ်နေ ဇနီး ဒေါ်မော်မော်ဝေ၊ သား မောင်အုပ်စိုးထက် တို့က ဦးငွေသူရကျော် တစ်လပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြုဒေါ်ခင်ခင်ယုတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ကွင်းဆင်းစစ်ဆေး

ဘားအံမြို့နယ် ကောလိုက်ကျေးရွာ ကောလိုက်တံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၅ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့

ဧပြီလ (၇) ရက်နေ့

World Health Day 2011

7 April

ဆေးဝါးယဉ်ပါးမှု အန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့

Combating Antimicrobial Resistance

ကျန်းမာရေးဝန်ကြီးဌာန

ဆေးနှင့်ဆေးပစ္စည်းကုန်သည်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် **(အပေါ်ပုံ)** ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် အသင်းအတွင်းရေးမှူး ဦးဇော်မိုးခိုင်က ၂၀၀၉-၂၀၁၀ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူခဲ့ကြောင်း သိရှိရသည်။

(ဆေးနှင့်ဆေးပစ္စည်းကုန်သည်များအသင်း)

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၅

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ၊ ချောင်းများနှင့် သဘာဝရေပြင်များတွင်ပျံ့နှံ့သွားပါက အခြား ငါး/ပုစွန်စသော ရေနေသတ္တဝါများ မျိုးပြုန်းတီးမှု ဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁)ဖြင့် အာဖရိက ငါးခူမျိုးများမွေးမြူခြင်း၊ စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။ သို့ဖြစ်၍ နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများမပြုလုပ်ကြရန်နှင့် ဇီဝိတဒါနငါးလွှတ်ပွဲတွင်ငါးသားပေါက်ရောင်းချလိုသူများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနတွင် ကြိုတင်ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်ထားသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရေဆင်းငါးလုပ်ငန်းစခန်း(နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကားငါးလုပ်ငန်းစခန်း၊ လေးထောင့်ကန်ငါးလုပ်ငန်းစခန်း၊ ကန်တော်ကြီးရေချိုငါးဥယျာဉ်နှင့် နီးစပ်ရာသက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းစခန်းများနှင့် ဖုန်း-၀၆၇-၄၁၆၅၄၉၊ ၀၁-၆၄၇၅၁၂၊ ၆၃၅၁၉၆နှင့် ၆၁၁၁၂၀တို့သို့ ဆက်သွယ် ဝယ်ယူရရှိနိုင်သည်။ ထို့အပြင် အများပြည်သူနှင့်သက်ဆိုင်သော နေရာ၊ ဌာနများ၌ ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက် အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ် မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရပ်ခြား ပညာသင် အခွင့်အလမ်းသစ်များ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၅

မြန်မာ့နှစ်သစ်အကြို Education For All အထူးအစီအစဉ်တစ်ရပ်အဖြစ် နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းသစ်များ ဟောပြောပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Traders Hotel (ကုန်းဘောင်-တကောင်း)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် ဗြိတိန် Worldwide Education Management ၏ ဒါရိုက်တာဖြစ်သူ ဒေါက်တာနေ Ph.D (UK)က မြန်မာနိုင်ငံပညာရေးအဆင့်ကို နိုင်ငံတကာအသိအမှတ်ပြုမှုအရ အဋ္ဌမတန်း ကျောင်းသားကျောင်းသူများ ဗြိတိန်၊ အမေရိက၊ ကနေဒါ၊ ဩစတြေးလျ တက္ကသိုလ်များသို့ GCSE/ IELTS/ TOEFL ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်သင်ယူခွင့်ရမည့် UK Sixth Form နှစ်နှစ်သင်တန်းအကြောင်းနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘွဲ့ရပြီးသူများသင်ယူခွင့်ရမည့် HND/ SQA HND နှင့် Degree (Hons)တန်းများအကြောင်းကို ဟောပြောမည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များကို ကာကွယ်တားဆီးရန်အတွက် ပေါ်ထွန်းလာသော ဘာသာရပ်အသစ်များ၊ စီးပွားရေး၊ ဥပဒေ၊ ကွန်ပျူတာ၊ ဆေးဘာသာရပ်ဆိုင်ရာ နည်းပညာအသစ်များအကြောင်းကိုပါ မိတ်ဆက်ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း(အခမဲ့) တက်ရောက်နိုင်ကြောင်းနှင့်ခုံနေရာအတွက် Education For All ဖုန်း-၂၂၀၄၇၆၊ ၂၅၀၂၂၅နှင့် ၀၉-၇၃၀၄၉၃၉၉ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲ ဝန်ကြီးဦးမြင့်လှိုင်တက်ရောက်မှာကြား

နေပြည်တော် ဧပြီ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစုဝေးဆောင် ခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်ဆွေးနွေးမှာကြားသည်။ (အပေါ်ယာပုံ)

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေး ကဏ္ဍ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရန် လက်ရှိစိုက်ဧက ကိန်းဂဏန်းများ မှန်ကန်ရေးနှင့် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းများ မှန်ကန်ရေးအတွက် ကိန်းဂဏန်းအချက်အလက်များ စနစ်တကျကောက်ယူရေးသည် အဓိကကျသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

ထူထောင်ပေး

သီးနှံများ တစ်ဧက အထွက်နှုန်း အမှန်တကယ်တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ တောင်သူလယ်သမားများ လက်ဝယ်ရောက်ရှိစေရေး၊ မျိုးသန့်ဖုန်များထူထောင်ရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲ ကျင့်သုံးရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲတတ်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်တိုင်းတွင် အလေအလွင့် နည်းနိုင်သမျှ နည်းစေခြင်းစသည့် နည်းလမ်း (၄)သွယ်ကို လက်တွေ့ကျကျ ကျင့်သုံးလာအောင် နမူနာစံပြစိုက်ကွင်းများ ထူထောင်ပေးရန်လိုကြောင်း။

မှာကြား

စက်မှုလယ်ယာစနစ်သို့ လက်တွေ့ကူးပြောင်းနိုင်မှသာလျှင် နောက်ကျကျန်ရစ်နေသော မိမိတို့နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်နေ တောင်သူလယ်သမားများ၏ ဘဝအား မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး သီးထပ်၊ သီးညှပ်၊ နှစ်သီး၊ သုံးသီးစသည်ဖြင့် ရာသီဥတု အခြေအနေနှင့် ရေမြေသဘာဝကိုက်ညီသော သီးနှံအမယ်များကို ရွေးချယ်၍စိုက်ပျိုးပြီး စိုက်ပျိုးရေး ထုတ်ကုန်သီးနှံများ အရှိန်အဟုန်ဖြင့် တိုးတက်ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က လုပ်ငန်းဆိုင်ရာများနှင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဆွေးနွေးမှာကြားကြပြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနခေတ္တညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်စက်မှုလယ်ယာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဒါရိုက်တာများအစည်းအဝေးနေပြည်တော်၌ ကျင်းပ

နေပြည်တော် ဧပြီ ၅

ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဒါရိုက်တာများ အစည်းအဝေးကို ဧပြီ ၃ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်လွင်၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဒါရိုက်တာ အဖွဲ့ဝင်များ၊ ရတနာပုံတယ်လီပို့တွင် ရင်းနှီးမြှုပ်နှံနေသည့်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ်က ကုမ္ပဏီလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် တက်ရောက်လာကြသော ဒါရိုက်တာအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြမှုများအပေါ် ဝန်ကြီးက သတင်းဆက်သွယ်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များ အလုပ်အကိုင် ပိုမိုရရှိစေရေး၊ အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်ဖြစ်အောင် လေ့ကျင့်ပေးရေး စသည်တို့ကို မှာကြားပြီး ရတနာပုံတယ်လီပို့မှ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအလိုက် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဒါရိုက်တာများ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လေးနှစ်အာမခံ လေအေးပေးစက်များဖြန့်ဖြူး

ရန်ကုန် ဧပြီ ၅

ရာသီဥတု ပူအိုက်မှုဒဏ်ကြောင့်လုပ်ငန်းများအပေါ် စိတ်ဝင်စားမှု နည်းသည့် ခံစားရမှုများမှကင်းဝေး၍ သာယာရွှင်လန်းအေးချမ်းပေါ့ပါးသော ကိုယ်စိတ်တို့ဖြင့် လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အနေအထားမျိုးကို AUX လေအေးပေးစက်များက အထောက်အကူပြုလျက်ရှိကြောင်း၊ အဆိုပါ လေအေးပေးစက်များကို ဧပြီ ၁ ရက်မှ ၄ ရက်အထိ တပ်မတော်ခန်းမ၌ ကျင်းပသည့် Yangon Expo 2011 ပြပွဲ၌ ပါဝင်ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့ပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air- Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့် ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့်အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိကြောင်း၊ အရည်အသွေးမြင့်မားပြီး မြန်မာပြည်တွင် ပထမဦးဆုံး လေးနှစ်အာမခံပေးထားသော AUX လေအေးပေးစက်များကို 5% Discount ပေးလျက်ရှိကြောင်း သိရသည်။

AUX အမှတ်တံဆိပ်လေအေးပေးစက်များအား လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် United Aisa Co.,Ltd. အမှတ် (၂၂၅) အနော်ရထာလမ်း (၁၁)လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၁၀၈၃၄၊၂၁၈၀၂၁နှင့် Fax : ၀၀၉၅-၁-၂၂၈၃၈၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

စက်မှု(၁)ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ထုတ်ကုန်အရည်အသွေးမြင့်မားရေးလုပ်ငန်းညှိနှိုင်း

နေပြည်တော် ဧပြီ ၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ထုတ်ကုန် အရည်အသွေးမြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စွာခိုင်က ဝန်ကြီးဌာန၏ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ထုတ်လုပ်ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်၍ ပြုပြင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန်၊ ပြောင်းလဲနေသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ထုတ်ကုန်ပစ္စည်းများ သမားရိုးကျပုံစံထုတ်လုပ်နေခြင်းအစား ပြောင်းလွယ်ဖြစ်လွယ်သဘောတရားကို အခြေခံ၍ ထုတ်လုပ်သွားရန်၊ တိုးတက်နေသော နည်းပညာရပ်များကို ခေတ်နှင့်အညီ မျက်ခြည်မပြတ် အမြဲတမ်းလေ့လာကြရန်နှင့် ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်အောင် တာဝန်ရှိသူအသီးသီးက စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုနှင့် စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ လျှပ်စစ်နှင့်ဘွိုင်လာစစ်ဆေးရေးလုပ်ငန်းများ ကြီးကြပ်ညှိနှိုင်း ဆောင်ရွက်မှုနှင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများစီစဉ်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် စက်မှုလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းများအလိုက် ကုန်ထုတ်လုပ်မှု အခြေအနေ၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်မှုအခြေအနေ၊ ကုန်ချောပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုအခြေအနေများနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စွာခိုင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ထုတ်ကုန်အရည်အသွေးမြင့်မားရေးအတွက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများ အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း၏ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၅

သစ်တောရေးရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO)တို့ ပူးပေါင်း၍ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများ အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း၏ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားရှင်းလင်း

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်တွင် သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားစီမံကိန်းမန်နေဂျာ ဦးအုန်းလွင်က ဒီရေတောအကြို လုပ်ငန်းစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမော်က မြန်မာနိုင်ငံရှိ ဒီရေတောများ စီမံအုပ်ချုပ်ခြင်း စာတမ်းကိုလည်းကောင်း၊ သစ်တောသယံဇာတ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း(FREDA) ဒုတိယဥက္ကဋ္ဌ ဦးအုန်းက မြန်မာနိုင်ငံ ဒီရေတော လုပ်ငန်းနှင့် ပတ်သက်သောစာတမ်းကို လည်းကောင်း၊ ဒီရေတောနှင့် ပတ်ဝန်းကျင် ပြန်လည်တည်ထောင်ရေးကွန်ရက် (MERN)မှ ဒေါက်တာမောင်မောင်သန်းက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက် ကောင်းမွန်လာစေရေးလုပ်ငန်းနှင့် ပတ်သက်သော စာတမ်းကိုလည်းကောင်း၊ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးက သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ စီမံကိန်း အဆိုပြုလွှာ (မူကြမ်း)ကို လည်းကောင်း၊ အမျိုးသားအကြံပေး ပညာရှင် ဦးကျော်ထွန်းက ဒီရေတောဂေဟစနစ် အုပ်ချုပ်လုပ်ကိုင်မှုနှင့် ပတ်သက်၍ ကြီးကြပ်စစ်ဆေးသော စနစ် (Monitoring System) ပေါ်ပေါက်လာစေရေးအတွက် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်ကောင်းမွန်လာစေရေးစီမံကိန်း အဆိုပြုလွှာ (မူကြမ်း)ကိုလည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြကြသည်။



ထို့နောက် စာတမ်းများအပေါ် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ဆွေးနွေးကြပြီး သဘာပတိက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးဝင်းထွန်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများ အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း၏ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

မြောက်ပြင် ပင်မဓာတ်အားခွဲရုံ(မန္တလေး)၊ အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံနှင့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံများ ဝန်ကြီး ဦးခင်မောင်စိုး သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုးသည် ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ဂေါဝိန်(ချော်ဆိပ်) ဆိပ်ကမ်းသို့ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)ညွှန်ကြားရေးမှူး ဦးတင်အောင်က မန္တလေးမြို့ (မြောက်ပြင်) ပင်မဓာတ်အားခွဲရုံ၌ တပ်ဆင်ရန်အတွက် ရန်ကုန်မြို့မှ ရေယာဉ်ဖြင့် သယ်ဆောင်လာမည့် (၂၃၀/၃၃/၁၁) ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံးကို မြောက်ပြင် ပင်မဓာတ်အားခွဲရုံသို့ မော်တော်ယာဉ်ဖြင့် သယ်ယူနိုင်ရေးအတွက် ဂေါဝိန်(ချော်ဆိပ်)ဆိပ်ကမ်း၌ ဆောင်ရွက်လျက်ရှိသော ယာယီဆိပ်ကမ်းကပ်ခုံ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်က ထရန်စဖော်မာများ သယ်ယူရာတွင် လမ်းဖြတ်တံတားများကို အန္တရာယ်ကင်းစွာ ဖြတ်သန်းသယ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ ထရန်စဖော်မာ သယ်ယူမည့် လမ်းကြောင်းတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် (၂၃၀) ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ (မန္တလေး) တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း) ညွှန်ကြားရေးမှူးက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော (၂၃၀)ကေဗွီမြောက်ပြင် ပင်မဓာတ်အားခွဲရုံ (မန္တလေး) လုပ်ငန်းများ တည်ဆောက်ပြီးစီးမှုနှင့် ပစ္စည်းများရောက်ရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန အင်ဂျင်နီယာချုပ် ဦးမောင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန (မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်က မြောက်ပြင် ပင်မဓာတ်အားခွဲရုံတွင် တည်ဆောက်လျက်ရှိသော မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ၊ ပင်မဓာတ်အားခွဲရုံ Control Building တည်ဆောက်ပြီးစီးမှု၊ Switch Yard တည်ဆောက်ရန်အတွက် ဆက်စပ်ပစ္စည်းများရောက်ရှိမှု၊ ပြီးစီးမှုအခြေအနေ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းက မြောက်ပြင် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် (၁၃၂)ကေဗွီ အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခွဲရုံမှူးက Control Building တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ Control Room အတွင်း ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အား ဖြန့်ဖြူးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိစေရေး၊ ထိန်းသိမ်းမောင်းနှင်မှု စနစ်တကျပြုလုပ်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် (၁၃၂)ကေဗွီ ရွှေစာရံ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံအစည်းအဝေးခန်းမ၌ ခွဲရုံမှူး အင်ဂျင်နီယာမှူး ဦးသိန်းထွန်းအောင်က ဝန်ထမ်းရေးရာ ကိစ္စရပ်များ၊ ခွဲရုံ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ လိုင်းထိန်းသိမ်းရေးဆောင်ရွက်မှု၊ ခွဲရုံအတွင်းရှိ ဆက်စပ်ပစ္စည်းများ လဲလှယ်ဆောင်ရွက်မှုနှင့် Switch Yard အတွင်း စက်များကြံ့ခိုင်ရေး၊ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုတို့ကို ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Control Room အတွင်း ကြည့်ရှုစစ်ဆေးရာ ရွှေလီဓာတ်အားပေးစက်ရုံမှ ထွက်ရှိသော ဓာတ်အားကို (၂၃၀)ကေဗွီ မန်စန် ဓာတ်အားခွဲရုံမှတစ်ဆင့် ဘဲလင်း ပင်မဓာတ်အားခွဲရုံသို့ လည်းကောင်း၊ (၂၃၀/၃၃/၁၁) ကေဗွီ၊ (၁၃၂)ကေဗွီ တံခွန်တိုင် ပင်မဓာတ်အားခွဲရုံနှင့် (၁၃၂)ကေဗွီ ပြင်ဦးလွင် ပင်မဓာတ်အားခွဲရုံသို့လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံ မြောက်ပြင် ပင်မဓာတ်အားခွဲရုံများသို့လည်းကောင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Switch Yard ၌ (၂၃၀)ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ ပေးပို့မည့် (၂၃၀)ကေဗွီ Switch Bay Extension တည်ဆောက်ပြီးစီးမှုနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို အင်ဂျင်နီယာမှူး ဦးသိန်းထွန်းအောင်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၅

ပညာရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ချွန်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မဇင်နွယ်ဦး (ဘ)ဦးစိုးသိန်း အထက(၂) လမ်းမတော် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မပြုံးပြုံးကြည်(ဘ)ဦးအောင်ကျော် အထက(၁)ပြင်ဦးလွင် မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ မနှင်းထက်ထက်အောင်(ဘ)ဦးမျိုးနိုင် အထက(၄) ပြင်ဦးလွင် မန္တလေးတိုင်းဒေသကြီးက တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မဂျေဒေစီခါးပန်(ဘ) ဦးဂျေယော်ထုန် အထက(၃) မြစ်ကြီးနား ကချင်ပြည်နယ်က ပထမ၊ မောင်ဒဂင်နမ်ဖုန်ဆန်း(ဘ)ဦးဒဂင်နမ်ခင် အထက(၁) မြစ်ကြီးနား ကချင်ပြည်နယ်က ဒုတိယ၊ မဆုမြတ်အေး(ဘ)ဦးတိတ်ဝွမ် အထက(၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက တတိယ၊ သင်္ချာဘာသာရပ်တွင် မအိမ့်မြင့်မိုရ်(ဘ)ဦးကျော်မိုးအောင် အထက(၁၆)ချမ်းအေးသာစံ မန္တလေးတိုင်းဒေသကြီးက ပထမ၊ မောင်ရဲဝင်းသူ(ဘ)ဦးသန်းဝင်း အထက(၁၆)ချမ်းအေးသာစံ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ မောင်နိုင်လင်းကျော်(ဘ)ဦးနေဝင်းအောင် အထက(၄) တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)က တတိယ၊ ရူပဗေဒဘာသာရပ်တွင် မောင်ဝေယံကျော်ညွှန့်သင်း(ဘ)ဦးညွှန့်သင်း အထက(၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဓာတုဗေဒဘာသာရပ်တွင် မောင်ချွန်လင်း (ဘ)ဦးမင်းလွင်၊ လေ့ကျင့်ရေး အထက ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မခိုင်ခိုင်လွင်ကျော်(ဘ)ဦးရဲလွင် အထက(၂) စမ်းချောင်း ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မနီနီဝင်း(ဘ)ဦးမာမက်အာမင် ပြင်ပဖြေ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မထူးဒါလီဦး(ဘ)ဦးလှဦး အထက ကျုံပျော် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊သမိုင်းဘာသာရပ်တွင် မသူဇာလင်း(ဘ)ဦးကျော်ရင် အထကခွဲ မြသီတာ မိုးညှင်းမြို့နယ် ကချင်ပြည်နယ်က ပထမရရှိကြသည်။

ပခုက္ကူ ဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်နေကြသူများမှာ မအေးမီခိုင်(ဘ)ဦးသန်းထွန်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအေးသီတာလွင်(ဘ)ဦးရီ ရတနာပုံတက္ကသိုလ်၊ မနွယ်ဇင်ထက် (ဘ)ဦးစိန်ငွေး ဟသ်ာတတက္ကသိုလ် ၊ မဖြိုးဖြိုးသူ (ဘ)ဦးသန်းဝင်း ရတနာပုံတက္ကသိုလ်တို့ ဖြစ်ကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၁ ခုနှစ် ဧပြီလနောက်ဆုံးသီတင်းပတ်တွင် ပခုက္ကူမြို့၌ ကျင်းပမည်ဖြစ်ပြီး ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူ စာပေဆု ချီးမြှင့်ပွဲအခမ်းအနားနှင့် တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း မြို့နယ်အမှုဆောင်အရာရှိ ဦးငွေးလှိုင်နှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဧပြီ ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ငါး/ပုစွန် မွေးမြူရာတွင် တားမြစ် ဓာတုဆေးဝါးများ အသုံးမပြုရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက် ထုတ်ပြန်

ရန်ကုန် ဧပြီ ၅

နိုင်ငံတော်အတွင်း ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ ငါးမွေးမြူခြင်း လိုင်စင်ရယူ၍ ငါးမွေးမြူနေသည့်မြေမှာ ဧက ၂၁၈၅၉၅ ဒသမ ၉၉၂နှင့် ပုစွန်မွေးမြူနေသည့် ဧကမှာ ၂၂၄၉၄၉ ဒသမ ၅၆ ရှိသည်။အဆိုပါ ငါး/ပုစွန်မွေးမြူခြင်းလုပ်ငန်းမှ ထွက်ရှိသည့် မွေးမြူရေးငါးများကို ပြည်တွင်းတွင် စားသုံးရန် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ပိုလျှံသည့် မွေးမြူရေးငါးများကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ထိုသို့ မွေးမြူရေး ငါး/ပုစွန်များကို ပြည်တွင်း၌ စားသုံးရာတွင်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင်လည်းကောင်း စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ပြည့်မီစေရေးအတွက် ငါး/ပုစွန်မွေးမြူရေးဆောင်ရွက်ရာတွင် ဓာတုဆေးဝါးတစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ သုံးစွဲခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။

ငါး/ပုစွန်မွေးမြူရေးတွင် တားမြစ်ထားသောဓာတုဆေးဝါးများမှာ Oxytetracycline၊ Oxolinic acid၊ Chloramphenicol၊ Nitrofurans၊ Tetracycline၊ Sulfanilamide၊ Neomycin၊Chloroform၊ Chlopromazine၊ Nitromidazoles၊ Colchicine၊ Dapsone၊ Dimetridazole၊ Metronidazole၊ Clenbuterole၊ Ronidazoles၊ Malachite green and leuco Malachite green တို့ဖြစ်သည်။

ငါး/ပုစွန်မွေးမြူရာတွင် တားမြစ်ထားသည့် ဓာတုဆေးဝါးများ အသုံးပြုကြောင်း ငါးလုပ်ငန်းဦးစီးဌာနက စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ ထိရောက်စွာအရေးယူခြင်းခံရမည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဥက္ကဋ္ဌ Mr. Jiang Jiemin ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးအား CNPC ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့်လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဥက္ကဋ္ဌ Mr. Jiang Jiemin ခေါင်းဆောင်သောအဖွဲ့သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် CNPC ကုမ္ပဏီမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လှူဒါန်းမည့်အလှူငွေ အမေရိကန်ဒေါ်လာ ငါးသောင်းကို CNPC ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ လက်လုပ်ချိန်ကိုက်ဗုံးတစ်လုံးကို အချိန်မီဖယ်ရှားရှင်းလင်းနိုင်ခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိ

နေပြည်တော် ဧပြီ ၅

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း ကားမှတ်တိုင် တစ်ခုအနီးရှိ ရေတမာပင်အုတ်ခုံပေါ်မှ လက်လုပ်ဗုံးတစ်လုံးကို ဧပြီ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက အချိန်မီဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ထိုနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဆူးလေဘုရားလမ်း ဇင်ယော် ကားမှတ်တိုင်အနီးရှိ ရေတမာပင်အုတ်ခုံပေါ်၌ နှင်းဆီပန်း အပွင့် ၂၀ ခန့်ကိုတင်လျက် ပေါက်သံကြားသို့ အသံနှင့်အတူ မီးလောင်ပေါက်ကွဲမှုတစ်ခုဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ အဆင့်ဆင့်သတင်းပို့ချက်အရ တာဝန်ရှိသူများရောက်ရှိအောက်တွင် ဇစ်ပိုမီးခြစ်ဓာတ်ငွေ့ရည် ပြည့်ဘူး နှစ်ဘူး၊ သုတ်ဆေးအနီရောင် ဆေးဘူး နှစ်ဘူးတို့အား စုပုံထားသည့်နေရာမှ ဂက်စ်မီးခြစ်ပြီး ထပ်ဆင့်ဖောက်ခွဲရန် တပ်ဆင်ထားသည့် လက်လုပ်ချိန်ကိုက်ဗုံးတစ်လုံးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှ သိမ်းဆည်းရမိသော သက်သေခံ ပစ္စည်းများကို တွေ့ရစဉ်။

သတိထားရှောင်ရှား

ပေါက်ကွဲသည့် နေရာအား တာဝန်ရှိသူများစစ်ဆေးရာ အဆိုပါ ချိန်ကိုက်ဗုံးကို ပထမအဆင့်အနေဖြင့် ချိန်ကိုက်အသံမိုင်းအဖြစ် ဖောက်ခွဲခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် အဝေးမှ တယ်လီဖုန်းခေါ်ဆိုမှုကြောင့် Vibration ဖြစ်ကာ ထပ်ဆင့်ဖောက်ခွဲရန် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရေးသမားများသည် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို လူအများနေ့စဉ်သုံးပစ္စည်းများနှင့် ရော၍ အသုံးပြုထားခြင်း၊ အသံဗုံးကြောင့် ရောက်ရှိလာသည့် တာဝန်ရှိသူများ၊ ပြည်သူများဝိုင်းအုံကြည့်ရှုစဉ် ထပ်မံဖောက်ခွဲရန်ကြံစည်ထားခြင်း ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ချိန်ကိုက်ဗုံးနှင့်ပတ်သက်၍ ဗဟုသုတအဖြစ်သိရှိပြီး သတိထားရှောင်ရှားကြရန်လိုကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သတိပေးပြောကြားခဲ့သည်။

တာဝန်ရှိသူများက အချိန်မီဖယ်ရှားရှင်းလင်းခဲ့သည့် ချိန်ကိုက်ဗုံးဆက်စပ်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထိုင်း SIM Card နှင့် နိုကီရာဖုန်း အဟောင်း တစ်လုံး၊
(ခ) UPG တံဆိပ်ပါ ဒသမ ၂၅ ဂါလန်ဝင် သုတ်ဆေး အနီရောင်ဆေးဘူး နှစ်ဘူး၊
(ဂ) အဖြူရောင် C4 ယမ်းပြင်း ဒသမ ၂၅ ပေါင်၊
(ဃ) အဖုံးမပါ အပြာနုရောင် ပလတ်စတစ်ကွန်ပါဘူး တစ်ဘူး၊
(င) ဝိုင်ယာကြိုးတပ်လျက် လစ်သီယမ် ဘက်ထရီ တစ်လုံး၊
(စ) ဝိုင်ယာကြိုးနှစ်ချောင်းပါ လျှပ်စစ်ဒီတိုနေတာ တစ်ခု၊
(ဆ) 10 Amp ရှိ ဖြူ့စ် တစ်ခု၊



နိုကီရာဖုန်း အတွင်းရှိ Vibration Motor သို့ ဝိုင်ယာကြိုးဖြင့် ဆက်သွယ်ထားသည်ကို တွေ့ရစဉ်။

ပူးပေါင်းဆောင်ရွက်

ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာအေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု တုန်လှုပ်ချောက်ချားစေရန်ရည်ရွယ်၍ ဖောက်ခွဲမှုများပြုလုပ်ရေး အမြဲမပြတ် ကြံစည်ကြိုးပမ်းလျက်ရှိရာ အများပြည်သူတို့အနေဖြင့် အသွင်အမျိုးမျိုးဖြင့် ထိုးဖောက် ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်ရာတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဝိုင်ယာကြိုးနှစ်ချောင်းပါ လျှပ်စစ်ဒီတိုနေတာတစ်ခုကို တွေ့ရစဉ်။

ထိုင်း SIM Card သုံး နိုကီရာဖုန်း အဟောင်း တစ်လုံးကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြား

၆-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ တရားတော်
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာ့ရှုခင်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ ခါသကြန်အဆိုအကများ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၈။ ရှေးဟောင်းသုတ
၅:၀၀ ၉။ သတိနှင့်တိုးမည့် ပိုးဖလံများ
၅:၂၀ ၁၀။ ခါသကြန်အဆိုအကများ
၅:၃၀ ၁၁။ မာယာနှုတ်ခမ်း (အပိုင်း -၅၃)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၄။ Mail Box
၆:၃၅ ၁၅။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း ၁၀)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း ၇၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဦးတည်ချက်(၁၂)ရပ်
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာပျော်စရာဟာသကမ္ဘာ **-တော်တော်ဆိုးတဲ့သကြံန်ပိုး** မိုးခန့်၊ဇေရာ၊ဇေလုဝ၊ဝက်မ၊ မေဖြူဖြူ၊ တက္ကသိုလ်ဝွမ်းပုံနှင့် သရုပ်ဆောင်များ ဒါရိုက်တာ စိန်လင်း (ပုံရိပ်ရွှေမြေ)
၂၃။ **Internet Website**
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်တို့တည်ရာ (အပိုင်း -၂)
၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ညှိသည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်းမှ ဒုတိယဉက္ကဋ္ဌ Mr. Wu Douyu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အားကစားလုပ်ငန်းတို့အပြင် ယင်းတို့နှင့်ပတ်သက်သော လုပ်ငန်းများဆက်စပ်နေမှုကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အမှတ်(၂) စက်မှုဝန်ကြီး ဦးစိုးသိန်းအား တရုတ်ကုမ္ပဏီအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Changsha Ocean Automobile Parts Co., Ltd. Managing Director Mr. Zhang Weihui နှင့်အဖွဲ့သည် ဧပြီ ၃ရက် ညနေ ၄ နာရီတွင် အမှတ်(၁၁)အထွေထွေအကြီးစားစက်ရုံ(ရန်ကုန်)ရှိ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဆောင်ရွက်လျက်ရှိသည့် မော်တော်ယာဉ်များ ထုတ်လုပ်မှုအတွက် လိုအပ်သော Mould & Die ထုတ်လုပ်မှုအတွက် နည်းပညာများလွှဲပြောင်းရေးကိစ္စနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၅

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွှန့်များဖြင့် ၁၉၉၃ ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိရာ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ၂၀၁၀ ခုနှစ်အတွက် (၁၈)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော စာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် မောင်ဟန်တင့်(ပင်လည်ဘူး) ရေးသားသည့် **အမေ့လမင်း အလင်းသံစဉ် ကဗျာများ**က ပထမ၊ မြေလတ်မင်းလွင် ရေးသားသည့် **မေတ္တာဆမ်းတဲ့ ပန်းလက်ဆောင်ကဗျာများ** က ဒုတိယ၊ ပြေအေးသက်ရေးသားသည့် **ငယ်ကျွမ်းချစ်ကဗျာများ**က တတိယ ရရှိကြသည်။

ဝတ္ထုရှည်ဆု

ဝတ္ထုရှည်ဆုတွင် ရွှေညာသားမြတ်မင်း ရေးသားသည့် **ပြက္ခဒိန်ရွှေတောင်တန်း ပန်းလောင်မြစ်ကမ်းမှ အလှသစ္စာ**က ပထမ၊ ပိုင့်လှိုင်းသစ် ရေးသားသည့် **နာကြည်းချက်၏ အလှသဏ္ဍာန်များ**က ဒုတိယ၊ ပုသိမ်အောင်သန်းဦး ရေးသားသည့် **အလင်းတံခါးဖွင့်သူများ၏ ဘူမိနက်သန်**က တတိယ ရရှိ ကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ရဲမြတ်တင် ရေးသားသည့် **ဆီမုဆိုးနှင့် အခြားဝတ္ထုတိုများ**က ပထမ၊ ကျွန်းစဉ်မြေစောခက်ရေးသားသည့် **ကျားပါးစပ်ထဲက အာဟာရနှင့် အခြားဝတ္ထုတိုများ**က ဒုတိယ၊ မောင်ခြိမ့် ရေးသားသည့် **ထီးမပါကြသူများနှင့် အခြားဝတ္ထုတိုများ**က တတိယ ရရှိကြသည်။

ကျမ်းစာပေဆုတွင် ဇင်မင်း (သမိန်ထော) ရေးသားသည့် **မြန်မာပြဇာတ်ရေစီးနှင့် ရှေ့ခရီး**က ပထမ၊ ဒေါက်တာတင်သိန်း (ဘူမိဗေဒ) ရေးသားသည့် **မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု**က ဒုတိယ ရရှိကြသည်။

သုတေသနစာပေဆုတွင် သန်းထွန်း(မော်လမြိုင်) ရေးသားသည့် **မြန်မာနိုင်ငံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များမော်ကွန်း**က ပထမ၊ မောင်ရင့်ကျူး (မြောင်းမြ) ရေးသားသည့် **မြန်မာနိုင်ငံ ဗုဒ္ဓယဉ်ကျေးမှုအနုပညာ**က ဒုတိယ၊ မေမြို့ချစ်ဆွေ ရေးသားသည့် **မြန်မာ့အလှ သစ်တောသယံဇာတ**က တတိယရရှိကြသည်။

တစ်သက်တာစာပေဆု

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် **၂၀၁၀ ခုနှစ် တစ်သက်တာစာပေဆု** အတွက် ဆရာကြီးဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) ကို ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်ဉာဏ်လင်းအောင် ပထမနှစ်-ဂုဏ်ထူးတန်း (သဘင်)က လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မမြသဇ္ဇာအောင် ဒုတိယနှစ် (ဂီတ)က လည်းကောင်း အသီးသီးရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၁ ခုနှစ် ဧပြီလနောက်ဆုံးသီတင်းပတ်တွင် ပခုက္ကူမြို့၌ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးပညာသတင်းဆန်းများ (၁၃)

ဒေါက်တာ ကံညွန့်

ဆေးပညာမှာ တိုးတက်လာသလို သိပ္ပံပညာကလည်း အံ့မခန်း တိုးတက်လာနေပါတယ်။ ဆေးပညာမှာ Bio Engineering, Genetic Engineering တို့ လုပ်နေကြသလို၊ သိပ္ပံပညာရှင်တွေကလည်း Geo Engineering ဆိုပြီး ရာသီဥတုပြောင်းလဲဖို့တောင် ကြိုးစားနေကြပြီဖြစ်တယ်။ မိုးမရွာတဲ့နေရာမှာ မိုးအတုရွာပေးတာတို့၊ နှင်းမကျတဲ့နေရာမှာ နှင်းအတုကျအောင် လုပ်ပေးတာတို့က အောင်မြင်နေကြပြီ။ အခု တစ်ကမ္ဘာလုံး အပူရှိန်မြင့်တက်လာတာကို ကာကွယ်ဖို့၊ Climate Change ဖြစ်တာကို ကာကွယ်ဖို့ Geo Engineering နဲ့ လုပ်ဖို့ ကြိုးစားနေကြပါပြီ။ ဒီကြားထဲမှာ ဝမ်းသာစရာ သတင်းတစ်ရပ်က ကမ္ဘာ့အိုဇုန်းလွှာ ပေါက်နေတာတို့၊ ပါးလွှာနေတာတို့က ကာကွယ်နိုင်ပြီဆိုတဲ့ သတင်းပါပဲ။ ၂၀၁၀ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်တဲ့ Scientific Assessment of Ozone Depletion အစီရင်ခံစာမှာ အန္တရာယ်ရှိတဲ့ ကာဗွန်ဓာတ်ထုတ်လုပ်မှုကို တားဆီးနိုင်ခဲ့ပြီဖြစ်လို့ အိုဇုန်းလွှာပါးလွှာခြင်းသည် ရပ်တန့်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုရာစုနှစ်အလယ်ပိုင်းလောက်မှာ အိုဇုန်းလွှာဟာ နဂိုအတိုင်း ပြန်ရှိမည်ဖြစ်ကြောင်း တင်ပြထားပါတယ်။

အိုဇုန်းလွှာဆိုတာ နေရောင်ခြည်မှာပါဝင်တဲ့ Ultraviolet Ray ခေါ်တဲ့ ခရမ်းလွန်ရောင်ခြည်ကို လူသားတွေဆီ မရောက်အောင် အကာအကွယ်ပေးထားတဲ့ အလွှာပါ။ ဒီအလွှာပေါက်ပြဲလာမှုကြောင့် လူတွေမှာ အရေပြားကင်ဆာ၊ မျက်စိအတွင်းတိမ် စတဲ့ရောဂါတွေဖြစ်စေတာပါ။ တကယ်လို့သာ ဒီအလွှာကြီးပေါက်ပြဲတာကို မကာကွယ်နိုင်ဘူးဆိုရင် ၂၀၂၀ ခုနှစ်မှာ အရေပြားကင်ဆာကြောင့် လူသန်း ၂၀ အသက်ဆုံးရှုံးရမှာဖြစ်ပြီး သန်း ၁၃၀ ကတော့ မျက်စိအတွင်းတိမ်ရောဂါ ခံစားရမယ်လို့ ခန့်မှန်းထားတာပေါ့။ ဒါကြောင့် အိုဇုန်းလွှာကို နိုင်နင်းစွာကာကွယ်နိုင်ပြီဆိုတဲ့သတင်းကြောင့် လူတွေမှာ ယင်းအန္တရာယ်က လွတ်မြောက်ကြရမှာမို့ ဝမ်းသာစရာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။

ဆေးပညာ၊ သိပ္ပံပညာတွေ တိုးတက်လာသလို ရောဂါတွေကလည်း ဆန်းပြားလာလိုက်တာ အံ့မခန်းစရာပါပဲ။ ပထမသတင်းက ဘယ်ပိုးသတ်ဆေးမှမနိုင်တဲ့ ဗက်တီးရီးယားတစ်မျိုး နိုင်ငံတော်တော်များများမှာ တွေ့ရှိရတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းက အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က ပေါ်ထွက်လာတာဖြစ်တယ်။ NDMI လို့ အမည်ပေးထားတယ်။ Gene ကနေ Bacteria ကို အသွင်ပြောင်းလိုက်တာဖြစ်ပြီး ဒီဗက်တီးရီးယားဟာ ဘယ် Antibiotic နဲ့မှ မသေနိုင်ဘူးလို့ ဆိုပါတယ်။ ၎င်းကို သူတို့က Superbug လို့ အမည်ပေးထားကြပါတယ်။ အမေရိကန်နိုင်ငံမှာတွေ့ရတဲ့ လူ ၃၇ ဦး ကတော့ ဗြိတိန်နဲ့ ပါကစ္စတန်နိုင်ငံက ပြန်လာသူတွေဖြစ်ပြီး Austria မှာ တွေ့ရတဲ့လူနှစ်ဦးကတော့ ပါကစ္စတန်နှင့် Kosovo ကပြန်လာတဲ့ လူနှစ်ဦးမှာ တွေ့ရတာဖြစ်တယ်။ ဂျပန်နိုင်ငံ တိုကျိုဆေးရုံမှာလည်း ဒီလိုရောဂါနဲ့ လူနာ ၃၀ ခန့်ကို ဆေးကုသမှုခံယူရပြီး ခုနစ်ဦးကတော့ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီ Gene ဟာ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံမှာ အများဆုံးတွေ့ရတယ်လို့ ဆိုပါတယ်။ ဆေးသိပ္ပံပညာရှင်တွေ အထူးထိတ်လန့်စွာ စောင့်ကြည့်ခဲ့ရပြီး အခုထိတော့ နောက်ထပ်ဒီရောဂါမျိုး ထပ်မံဖြစ်ပွားတယ်လို့ သတင်းမရသေးပါဘူး။ ဒါပေမယ့် နောက်ထပ် ဒီရောဂါမျိုးထပ်ဖြစ်လာရင် လူသားတွေအတွက် အန္တရာယ်အများကြီးရှိနိုင်တယ်လို့ တင်ပြလိုက်ရပါတယ်။

နောက်ဆေးပညာသတင်းတစ်ပုဒ်ကလည်း စိတ်ဝင်စားစရာပါ။ Samonella ဆိုတဲ့ အစာအဆိပ်သင့်ဖြစ်စေတတ်တဲ့ Bacteria တစ်မျိုးပါတဲ့ ကြက်ဥတွေကိုစားမိလို့ အမေရိကန်နိုင်ငံတစ်လွှား လူပေါင်း ၃၀၀၀ ကျော်လောက် အော့အန်ဖျားနာပြီး အဆိပ်သင့်ရောဂါလက္ခဏာနှင့် ဆေးရုံတင် ကုသခဲ့ရပြီး ကြက်ဥပေါင်း သန်း ၅၅၀ကို ဈေးကွက်ထဲက ပြန်လည်သိမ်းယူလိုက်ရတယ်ဆိုတဲ့ သတင်းပါ။ ကြက်ကိုကျွေးတဲ့ အစာထဲမှာ ဒီပိုးမွှားတွေပါလာလို့ အဲဒီကြက်ကဥတဲ့ ကြက်ဥတွေမှာ ရောဂါပိုးပါခဲ့တာဆိုပြီး အမေရိကန်နိုင်ငံ IOWA ပြည်နယ်က Wright County Egg နှင့် Hillando Farms က ထုတ်တဲ့ ကြက်ဥတွေကို Food and Drug Adminstration လို့ခေါ်တဲ့ (FDA) အဖွဲ့က သိမ်းခိုင်းလိုက်တာဖြစ်ပါတယ်။

နှစ်ပေါင်းများစွာကပဲ လူတွေ ကြက်ဥစားပြီးနေလာခဲ့တာ အခုအခါမှာ ကြက်ဥအဆိပ်သင့်တာမျိုးဖြစ်တော့ အံ့ဩစရာဖြစ်နေတာမို့ ဆေးပညာသတင်းဆန်းတစ်ခုအဖြစ် တင်ပြလိုက်ရတာပါ။

နောက်သီးခြားသတင်းတစ်ပုဒ်ဖြစ်တဲ့ အီတလီနိုင်ငံကလာတဲ့ သတင်းတစ်ပုဒ်မှာတော့ စောစောက အစာအဆိပ်သင့်ရောဂါဖြစ်စေတဲ့ Samonella ဆိုတဲ့ Bacteria ပိုးတွေကို Melanoma ဆိုတဲ့ ကင်ဆာကျိတ်ထဲ ထိုးထည့်လိုက်ရင် ယင်းကင်ဆာရောဂါသက်သာပျောက်ကင်းစေနိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒါကို အီတလီနိုင်ငံ Milan မြို့ European Institute of Oncology က စမ်းသပ်လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ယခုအခါမှာတော့ ကြွက်တွေကို စမ်းသပ်အောင်မြင်ခဲ့တာ ဖြစ်ပြီး မကြာခင် လူတွေကို စပ်းသပ်ကုသကြည့်တော့မှာ ဖြစ်ပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ငှက်ဖျားရောဂါနှင့် ပတ်သက်တဲ့ သတင်းပါပဲ။ ငှက်ဖျားအဖြစ်များတဲ့ ဒေသကို တာဝန်အရ ခေတ္တခဏ သွားလာရတဲ့လူများအတွက် ဝမ်းသာစရာပါ။ Azithromycin နှင့် Clindamycin ဆေးတစ်ပြားစီကို တစ်ပတ်မှာ တစ်ခါ စားသုံးထားခြင်းဖြင့် ငှက်ဖျားရောဂါကို ကောင်းမွန်စွာကာကွယ်နိုင်တယ်ဆိုတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ငှက်ဖျားရောဂါဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးက တင်ပြလိုက်တဲ့ သတင်းပါ။ ငှက်ဖျားရောဂါဟာ နှစ်စဉ် လူသုံးသန်းခန့် ရောဂါခံစားနေရပြီး လူတစ်သန်းကတော့ နှစ်စဉ်သေဆုံးနေကြရတဲ့ ရောဂါပါ။

ယခင်က ရေးသားတင်ပြခဲ့တဲ့ ဆေးပညာသတင်းဆန်းများမှာ ကော်ဖီအကြောင်း တင်ပြခဲ့ပြီးပါပြီ။ ကော်ဖီသောက်သုံးသူများမှာ လည်ချောင်းကင်ဆာနှင့် ဦးခေါင်းလည်ပင်းကင်ဆာတို့ကို ကာကွယ်နိုင်တဲ့ သတင်းပါ။ အခုတစ်ခါ ထပ်မံတွေ့ရတဲ့သတင်းကတော့ ကော်ဖီ တစ်နေ့မှာ အနည်းဆုံးလေးခွက်သောက်တဲ့ အမျိုးသမီးတွေမှာ ကော်ဖီလုံးဝမသောက်ဘဲနေသူများထက် သားအိမ်အတွင်း ကင်ဆာဖြစ်ဖို့ ၂၅ ရာခိုင်နှုန်း လျော့နည်းနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ အဝလွန်တဲ့ အမျိုးသမီးတွေမှာဆိုရင် ၄၆ ရာခိုင်နှုန်းတောင် လျော့နိုင်တယ်လို့ ဆိုပါတယ်။ ဒီလေ့လာမှုဟာ အမျိုးသမီးပေါင်း ခြောက်သောင်းကျော်ကို လေ့လာပြီး တွေ့ရှိရတာကို Cancer Epidemiology and Biomarker and Prevention ဂျာနယ်မှာ ဖော်ပြထားပါတယ်။ ၎င်းဂျာနယ်မှာ ဆက်လက်ဖော်ပြထားတာကတော့ တစ်နေ့ကို ကော်ဖီခြောက်ခွက် (သို့မဟုတ်) ဒီထက်ပိုသောက်တဲ့ အမျိုးသားတွေမှာ ပြင်းထန်တဲ့ ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ ၆၀ ရာခိုင်နှုန်း လျော့ကျသွားနိုင်တယ်လို့ တင်ပြထားကြောင်းပါခင်ဗျာ။

နောက်ဆက်လက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကလေးတွေဟာ နှစ်နှစ်အောက်အရွယ်မှာ Television လုံးဝမကြည့်သင့်ဘဲ နှစ်နှစ်ကျော်ကလေးတွေမှာလည်း TV ကြည့်ခြင်းကို တစ်နေ့မှာ တစ်နာရီမှ နှစ်နာရီထိ ပိုမကြည့်သင့်ကြောင်း (American Academy of Paediatrician) အမေရိကန်ကလေးသူငယ်များ အကယ်ဒမီမှ ဆရာဝန်ကြီးများက အကြံပြုတင်ပြထားကြပါတယ်။ ကလေးအရွယ် အဝလွန်မှုဟာ ဒါနဲ့ပတ်သက်တယ်လို့လည်း ဆိုထားပါတယ်။ Australia နိုင်ငံရဲ့ လေ့လာမှုတစ်ခုမှာတော့ လူကြီးတွေဟာလည်း TV ကို တစ်နေ့မှာ လေးနာရီထက် ပိုမကြည့်သင့်ကြောင်း၊ လေးနာရီထက် ပိုကြည့်တဲ့လူတွေဟာ ပုံမှန်လူတွေထက် စောစောအသက်ဆုံးဖို့ ၄၆ ရာခိုင်နှုန်း ပိုရှိကြောင်း လူပေါင်း ၉၀၀၀ ကို ခြောက်နှစ်ကြာ သုတေသနပြုလုပ်ပြီး တင်ပြထားပါတယ်။

ကလေးတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး အင်္ဂလန်နှင့် စကော့တလန်နိုင်ငံက လေ့လာချက်တစ်ခုမှာ ခွေးမွေးထားတဲ့အိမ်က ကလေးတွေဟာ ခွေးမမွေးတဲ့အိမ်က ကလေးတွေထက် ကျန်းမာရေးပိုကောင်းမွန်ကြောင်း တွေ့ရှိရတယ်လို့ ဆိုထားပြန်ပါတယ်။ ခွေးနဲ့ ပြေးလွှားဆော့ကစားနေတာဟာ ကလေးတွေရဲ့ ကျန်းမာရေးမှာ အထောက်အကူ အလွန်ပြုတယ်လို့ ဆိုထားပါတယ်။ ခွေးမွေးထားတဲ့အိမ်က ကလေးတစ်ယောက်ရဲ့ခြေလှမ်းက တစ်နေ့မှာ ၃၆၀ ခန့်ရှိတယ်လို့ ဆိုထားပါတယ်။ (အရေးကြီးတာကတော့ ခွေးမှာ ကူးစက်ရောဂါမရှိအောင် ကာကွယ်ဆေးထိုးထားဖို့သာ လိုအပ်တယ်လို့လည်း သတိပေးထားပါတယ်။) ကလေးတွေနှင့်ပတ်သက်ပြီး စင်ကာပူနိုင်ငံမှာ အဖြစ်များနေတဲ့ ရောဂါဆန်းတစ်ခုကတော့ HFMD လို့ အတိုကောက်ခေါ်တဲ့ Hand, Foot, Mouth Disease ပဲ ဖြစ်ပါတယ်။ ဗမာလို လက်ခြေ ပါးစပ်တို့မှာ အနာကလေးတွေဖြစ်တဲ့ရောဂါပါ။ ဒီရောဂါဟာ စင်ကာပူနိုင်ငံရဲ့ ငါးနှစ်အောက်ကလေးတွေမှာဖြစ်ကြပြီး အထူးသဖြင့် နေ့ကလေးထိန်းကျောင်းတွေက တစ်ဆင့် ကူးစက်နေတာလို့ သိရပါတယ်။ ဒီနှစ်ဆန်းကနေ ယခုအချိန်ထိ ကလေးပေါင်း ၁၈၀၀၀ ခန့် ဝေဒနာကို ခံစားနေရပြီး ယမန်နှစ်ကထက် ၆၇ ရာခိုင်နှုန်း ပိုဖြစ်လာတယ်လို့ သိရပါတယ်။

နောက်ဆုံးသတင်းတစ်ပုဒ်ကတော့ ဆေးလိပ်သောက်ခြင်းနဲ့ ပတ်သက်တဲ့ သတင်းပါပဲ။ ဆေးလိပ်သောက်တဲ့ အဖေ၊ အမေက မွေးလာတဲ့သားဟာ ကြီးလာတဲ့အခါ Spermazoa မျိုးပွားသုက်ရဲ့ DNA အင်အားယုတ်လျော့ပြီး မျိုးပွားနိုင်မှု၊ သန္ဓေသားရနိုင်မှု အားနည်းသွားနိုင်တယ်ဆိုတဲ့ လေ့လာချက်ပါပဲ။ ဒီလေ့လာချက်ဟာ ဂျာမနီနိုင်ငံ Saarland တက္ကသိုလ် သားဖွားနှင့်မီးယပ်ဌာနနှင့် မျိုးပွားသုတေသနဌာနက လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဆေးလိပ်သောက်သူ မိခင်နှင့် ဖခင်က မွေးဖွားတဲ့သားမှာ သုက်ပိုး (Spermatozoa) ရဲ့ Protein ပါဝင်နိုင်မှု အားနည်းပြီး သုက်ပိုးရဲ့ အဓိကသော့ချက်ဖြစ်တဲ့ DNA ပျက်စီးကာ ကလေးမရနိုင်ဖြစ်ရတယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် မျိုးရိုးစောင့်ထိန်းပြီး မျိုးဆက်ပွားလိုတဲ့ မိဘတွေဟာ ဆေးလိပ်အမြန်ဖြတ်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Hotel Le Meridien၌ ကျင်းပသော အိန္ဒိယ-အာဆီယံ Delhi Dialogue III ဆွေးနွေးပွဲကျင်းပနေမှုကို မတ် ၄ ရက်က တွေ့ရစဉ်။

✱ ရှေ့ဖုံးမှ

အာဆီယံ+၃ အဖြစ် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ အိန္ဒိယနိုင်ငံနှင့်လည်း အိန္ဒိယ-အာဆီယံကဏ္ဍဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြင့်တင်လျက်ရှိပေသည်။

ကျင်းပ

အိန္ဒိယ-အာဆီယံနိုင်ငံများအကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် Delhi Dialogue ဆွေးနွေးပွဲကို ၂၀၀၉ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ် ၂၀၁၁ ခုနှစ်ဆိုလျှင် သုံးနှစ်ပင် ပြည့်မြောက်လာခဲ့ပြီဖြစ်သည်။ Delhi Dialogue III ဆွေးနွေးပွဲကို မကြာသေးမီက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ Delhi Dialogue III ဆွေးနွေးပွဲကို အိန္ဒိယနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသော တာဝန်ရှိသူများက Beyond Twenty Years of India - ASEAN Engagement ခေါင်းစဉ်ဖြင့် မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြသည်။

Delhi Dialogue ဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပခြင်းဖြင့် အိန္ဒိယနှင့်အာဆီယံနိုင်ငံများအကြား ဆက်ဆံရေး ပိုမိုတိုးတက်စေခဲ့ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုအသင်းချုပ်(အက်ဖ်အိုင်စီစီအိုင်) အတွင်းရေးမှူးချုပ် အမစ်မီထရာ (Amit Mitra) က ယင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ Delhi Dialogue III ဆွေးနွေးပွဲ မတိုင်မီ အိန္ဒိယ-အာဆီယံ ကုန်စည်ပြပွဲကိုလည်း မတ် ၂ ရက်မှ စတင်ကျင်းပနိုင်ခဲ့သည်။ ၎င်း အိန္ဒိယ-အာဆီယံကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ပြသခဲ့ရာ မြန်မာကုန်သည်များလည်း ပါဝင်ပြသခဲ့သည်။

အိန္ဒိယ-အာဆီယံ ကုန်စည်ပြပွဲတွင် အိန္ဒိယ လက်မှုအနုပညာ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို မတ် ၆ ရက်က တွေ့ရစဉ်။

အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံမှ ကျောက်မျက်နှင့် လက်ဝတ်ရတနာ လုပ်ငန်းရှင်များ၊ ပဲမျိုးစုံလုပ်ငန်းရှင်များနှင့် ဆန်စပါးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပါဝင်ပြသခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုသည် ၁၉၈၈-၁၉၈၉ ခုနှစ်က အမေရိကန်ဒေါ်လာ သန်း ၄၀၀ သာရှိခဲ့ရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၆ ဘီလီယံဖိုးအထိ တိုးတက်လာခဲ့ကြောင်း၊ ယင်းတိုးတက်မှုမှာ မြန်မာနိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှု၏ ၁၀ ရာခိုင်နှုန်း ရှိကြောင်း၊ နှစ်စဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုသည် တိုးတက်လျက်ရှိကြောင်း၊ ယင်းမှာ မြန်မာ့စီးပွားရေးထုတ်ကုန်များအတွက် ဈေးကွက်အလားအလာ ပိုမိုကောင်းမွန်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဓိကပို့ကုန်

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေသော ပို့ကုန်များမှာ ပဲမျိုးစုံ၊ ရော်ဘာ၊ အစေ့ထုတ်ပြောင်း၊ သစ်တောထွက်ပစ္စည်းများဖြစ်ကြောင်း၊ အိန္ဒိယမှ မြန်မာနိုင်ငံသို့ အဓိကတင်ပို့နေသော ပို့ကုန်များမှာ ဆေးဝါးထုတ်ကုန် ပစ္စည်းများနှင့် အဝတ်အထည်အမျိုးမျိုး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ ပလတ်စတစ်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

တိုးပွားလာ

ထို့အပြင် အာဆီယံ-အိန္ဒိယ ကုန်သွယ်မှုများလည်း သိသိသာသာ တိုးတက်လျက်ရှိသည်။ အာဆီယံ-အိန္ဒိယကုန်သွယ်မှုမှာ နှစ်စဉ်ပျမ်းမျှ ၁၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်နေသည်။ ယင်းတိုးတက်မှုများကို အခြေခံလျက် (၇)ကြိမ်မြောက် အိန္ဒိယ-အာဆီယံ ထိပ်သီးအစည်းအဝေးတွင် တက်ရောက်လာသည့် ခေါင်းဆောင်များက လာမည့် ၂၀၁၂ ခုနှစ်တွင် နှစ်ဖက်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ဖိုးအထိ တိုးပွားလာလိမ့်မည်ဟု မျှော်မှန်းထားကြသည်။

ထို့ကြောင့် အာဆီယံ-အိန္ဒိယ ကုန်သွယ်မှုသည် နှစ်စဉ်တိုးတက်နေသကဲ့သို့ မြန်မာ့ထုတ်ကုန်ပစ္စည်းများ အိန္ဒိယဈေးကွက်သာမက အခြားသော အာဆီယံနိုင်ငံများသို့ပါ ပိုမိုတင်ပို့လာနိုင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

လှိုင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အမှတ်(၈) သစ်စက်ဝန်ထမ်းများ မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်မှုများကို မတ် ၂၉ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်နှင့် အမှတ်(၈)သစ်စက် စက်ရုံမှူး ဦးထွန်းနိုင်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာ မြန်မာ့သစ်လုပ်ငန်း အမှတ်(၃၀) သစ်စက်၏ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂၃ ရက်က စက်ရုံအတွင်းကျင်းပရာ ဒေသမန်နေဂျာ (ပြည်တွင်း/ရောင်း) ဦးလှငွေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအေးလွင်နှင့် စက်ရုံမှူး ဦးအောင်ဆန်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဟင်္သာတမြို့နယ် ပဒေသာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂၀ ရက်ကကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ သစ်စက်အမှတ်(၁၁၂) မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ သစ်စက်ဝန်ထမ်းများ လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (၀၇၂)

မတ် ၂၈ ရက်က ချောက်မြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်မှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လသာမြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီက လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး အထူးကုဆရာဝန်ကြီး ဒေါက်တာတင်မိမိခိုင်က ခရိုင်အတွင်းရှိ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကာ ၂၀၁၀ ခုနှစ်အတွင်း ခရိုင်အဆင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်နိုင်သည့် မြို့နယ်များနှင့် ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲတွင် ဆုရရှိသော အခြေခံကျန်းမာရေးဝန်ထမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူးက ဆုများချီးမြှင့်သည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၁၀)

❒ ကျောဖုံးမှ

ယင်းစင်ရော်စက်ရုပ်ငှက်ကို Smart Bird ဟု အမည်ပေးထားပြီး ဂျာမနီကုမ္ပဏီတစ်ခုဖြစ်သည့် ဖက်စတိုကုမ္ပဏီက တီထွင်ထုတ်လုပ်ပြသခဲ့ခြင်းဖြစ်သည်။ ၎င်းစက်ရုပ်ငှက်သည် တကယ့်စင်ရော်ငှက်တစ်ကောင်ကဲ့သို့ အကူအညီမပါဘဲ မြေပြင်မှ အလိုအလျောက် ပျံတက်နိုင်သည်။ လေထုအတွင်း စင်ရော်ငှက်တစ်ကောင်အလား ပျံသန်းသွားနိုင်ပြီး မြေပြင်သို့လည်း လွယ်ကူစွာဆင်းသက်နိုင်စွမ်းရှိသည်။ ဝေဟင်ထဲသို့ ငှက်တစ်ကောင်အလား ပျံသန်းလိုစိတ်သည် လူသားတစ်ဦး၏ အိပ်မက်တစ်ခုပင်ဖြစ်ကြောင်း ဖက်စတိုကုမ္ပဏီက ပြောကြားသည်။

အောင်မြင်စွာထုတ်လုပ်

Smart Bird ဟုခေါ်သော အဆိုပါ စက်ရုပ်ငှက်ကို ဖက်စတိုကုမ္ပဏီက အောင်မြင်စွာ ထုတ်လုပ်လိုက်ခြင်းသည် လူသားတို့၏ အိပ်မက်တစ်ခုကို ဖန်တီးပေးလိုက်ခြင်းလည်း ဖြစ်သည်။ ထိုစက်ရုပ်ငှက်တွင် တပ်ဆင်ထားသော တောင်ပံများသည် အပေါ်အောက် တဖျပ်ဖျပ်ရိုက်ခတ်ပျံသန်းရုံမကဘဲ တကယ့်ငှက်တစ်ကောင်ကဲ့သို့ တွန့်လိမ်ပျံသန်းနိုင်သည်ဟု ဆိုသည်။

မိမိတို့ကုမ္ပဏီအနေဖြင့် စင်ရော်စက်ရုပ်ငှက်ကို တကယ့်စင်ရော်ငှက်များ၏ ပျံသန်းမှုပုံစံကို အသေးစိတ်လေ့လာပြီး တောင်ပံများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငှက်များ၏ စွမ်းအင်အသုံးပြုပျံသန်းခြင်းကိုလည်း လေ့လာခဲ့ကြောင်း ဖက်စတိုကုမ္ပဏီအကြီးအကဲ မားကွတ်စ်ဖစ်ချာက ပြောကြားသည်။ ၎င်းစင်ရော်စက်ရုပ်ငှက်၏ကိုယ်ထည်ကို ကာဗွန်ဖိုက်ဘာများဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး အလေးချိန် ၄၅၀ ဂရမ်ရှိသည်။

မျှော်လင့်

အဝေးထိန်းခလုတ်ပါသော ၎င်းစက်ရုပ်ငှက်ကို ကုမ္ပဏီက သုတေသနလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အနာဂတ်ကာလတွင် ၎င်းစက်ရုပ်ငှက်ကို စက်မှုဆိုင်ရာလုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုလာနိုင်လိမ့်မည်ဟူ၍လည်း မျှော်လင့်ထားကြသည်။

ကိုးကား-အင်တာနက်

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန လုပ်ငန်းညှိနှိုင်း

ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လျာထားရည်မှန်းချက်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ (ဓါတ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရသုံးမှန်းခြေငွေစာရင်းများရေးဆွဲကြရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ကြရေး၊ လုပ်ငန်းတာဝန်များဆောင်ရွက်သည့်အခါ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှုထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ

အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံအာတီမီစီနင်း ဆေးယဉ်ပါးမှုထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲ (Informal Consultation on Myanmar Artemisinin Resistance Containment Framework)ကို ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရွှေရယ်ကုမုဒြာဟိုတယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်နေသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ Global Malaria Programme မှ Anti-Malaria Drug Resistance, Project Director Dr.Pascal Ringwald ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြံပေးပုဂ္ဂိုလ် Dr.Allan Schapira၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဌာနေကိုယ်စားလှယ် Dr. H.S.B Tennakoon နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး Dr. Wichai Satimai၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဒေသဆိုင်ရာ ငှက်ဖျားဆရာဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင် ဆရာဝန်များ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာ၌ ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေး ကာကွယ်နှိမ်နင်းရမည့် ရောဂါတစ်ခုဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တီမောလက်စ်တေ စသည့်နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှ ငှက်ဖျားရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ မြို့နယ်(၂၈၄)ခုတို့၌ ငှက်ဖျားရောဂါ အမြစ်တွယ်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါ ဖြစ်ပွားလျက်ရှိပြီး ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားများအရ ၂၀၀၉ ခုနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ငါးသိန်းရှိကာ ငှက်ဖျားရောဂါကြောင့် သေဆုံးသူပေါင်း ၉၇၄ဦးရှိခဲ့ကြောင်း။

အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် လက်ရှိအခြေအနေတွင် အမျိုးသားငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး မဟာဗျူဟာများ၊ ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မဟာဗျူဟာများအရ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

သို့ရာတွင် ယခုအခါ၌ အိမ်နီးနားချင်းနိုင်ငံတချို့တွင် ငှက်ဖျားရောဂါပိုးများသည် အာတီမီစီနင်း ငှက်ဖျားဆေးများကို ယဉ်ပါးလာမှု စတင်တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၌လည်း အာတီမီစီနင်း ငှက်ဖျားဆေး မတိုးသော သံသယဖြစ်ဖွယ်ရာရှိလာသဖြင့် ဆေးယဉ်ပါးမှုကို စီမံချက်ချကာ ကာကွယ်နှိမ်နင်းရန် လိုအပ်ကြောင်း။

ညှိနှိုင်းဆောင်ရွက်

ကမ္ဘာလုံးဆိုင်ရာ အာတီမီစီနင်း ဆေးယဉ်ပါးမှုထိန်းချုပ်ရေးအစီအစဉ်နှင့်အညီ မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးစီမံချက် လုပ်ငန်းများကို ရည်မှန်းချက်(၇)ရပ် ချမှတ်ဆောင်ရွက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများသည် ယခင်ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့်အတူ တူညီသော်လည်း ချဉ်းကပ်ဆောင်ရွက်ပုံ ကွဲပြားခြားနားသည့်အတွက် စီမံချက်နှင့် သက်ဆိုင်သူများအားလုံးက ဟန်ချက်ညီညီ ပူးပေါင်းပါဝင် ညှိနှိုင်းဆောင်ရွက်သွားကြရန် အထူးလိုအပ်ပါကြောင်း။

မိမိဒေသအတွင်းရှိ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သည့် အခြားဝန်ကြီးဌာနများဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအသီးသီး၏ ပူးပေါင်းပါဝင်ဝါယမစိုက်ထုတ်မှု အင်အားများရရှိရန်အတွက်လည်း မရှိမဖြစ် အထူးအရေးတကြီး လိုအပ်ကြောင်း၊ ယင်းတို့၏ အာရုံစိုက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ မရရှိပါက ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်မဟုတ်ကြောင်း။

အာတီမီစီနင်း တစ်မျိုးတည်းပါဝင်သော ငှက်ဖျားဆေးများ မှတ်ပုံတင်ခြင်း၊ စံချိန်စံညွှန်းမမီသည့်ငှက်ဖျားဆေးများနှင့် ငှက်ဖျားဆေးအတုများ တင်သွင်းခြင်းကို တားဆီးခြင်း စသည်တို့ကို ပြုလုပ်ပေးနိုင်ရန်အတွက် အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်လာရန်အတွက်လည်း အရေးကြီးလာပြီဖြစ်ကြောင်း။

ဆေးယဉ်ပါးမှုထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည့် မိတ်ဖက်အဖွဲ့အစည်းများကို နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ပံ့ပိုးမှုပေးခြင်းဖြင့် စီမံချက်ဒေသအသီးသီးတွင် လုပ်ငန်းများ နေရာထပ်နေမှု မရှိဘဲလွှမ်းခြုံမှုကောင်းမွန်စွာရရှိသည့် အရင်းအမြစ်များကို အကျိုးရှိစွာသုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်

မြန်မာနိုင်ငံသည် ကမ္ဘာ့ရန်ပုံငွေကို ၂၀၁၀ ခုနှစ်တွင် လက်ခံရရှိခဲ့ကြောင်း၊ ယခု ၂၀၁၁ ခုနှစ်တွင် အမျိုးသားရေးအသွင်ဖြင့် ဆေးယဉ်ပါးမှုထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်၊ ၂၀၁၁ ခုနှစ်တွင် ရောဂါကြီးသုံးမျိုး ရန်ပုံငွေမှတစ်ဆင့် အထောက်အပံ့များလည်း ထပ်မံရရှိရန်လိုကြောင်း၊ ဖော်ပြပါအထောက်အပံ့များကြောင့် ဆေးယဉ်ပါးမှုထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများအားလုံးကို စည်းချက်ညီညီ ဟန်ချက်ညီညီနှင့် လာမည့်နှစ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.S.B Tennakoon က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာတီမီစီနင်းဆေးယဉ်ပါးမှု ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၅ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံအာတီမီစီနင်း ဆေးယဉ်ပါးမှုထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးခင်ရီ

ဝန်ထမ်းများနှင့် တွေ့ဆုံ၊ လုပ်ငန်းဆိုင်ရာများ မှာကြား

နေပြည်တော် ဧပြီ ၅

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးခင်ရီသည် ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနဝန်ကြီးရုံးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက နိုင်ငံတော်သမ္မတ၏မိန့်ခွန်းပါ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်(Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် မိမိတို့ ဝန်ကြီးဌာန အနေဖြင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းအားပြည့်ဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းအင်္ဂါရပ်များပါ မိမိတာဝန်ယူရသော လုပ်ငန်းနယ်ပယ်ဘာသာရပ်ကျွမ်းကျင်နှံ့စပ်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိရေး၊ ကိုယ်ကျင့်တရားကောင်းမွန်၍ အဂတိတရားလိုက်စားမှု ကင်းရှင်းရေး စသည့် အချက်များကို အလေးထားကြရန် လိုအပ်ကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုသည့်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ကောင်းသောအလေ့အကျင့်မှ ကောင်းသောအလေ့အထများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် လေ့ကျင့်ပျိုးထောင်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ ရှိပြီးအခြေခံကောင်းများကို အခြေခံ၍ ပိုမိုကောင်းမွန်အောင် အပြုသဘောဆောင်သည့် စိတ်ဓာတ်များနှင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဧပြီ ၅ ရက်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၇) သင်တန်းဆင်း (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံ(ရန်ကုန်) သို့ အလှူငွေကျပ် ၃၇၀၀၀၀ ပေးအပ်လှူဒါန်းကြစဉ်။

(သံဃာ့ဆေးရုံ)

ဂျကာတာတွင် အာဆီယံအသွင် မြန်မာ့ရိုးရာစစ်တုရင်

မြန်မာ့ရိုးရာစစ်တုရင်ကစားနည်းမှာ နူးညံ့သိမ်မွေ့လေးနက်၍ ပကတိစစ်ဆင်ရေးအသွင် ပိုမိုဆောင်ကာ စစ်အင်္ဂါလေးပါး ပြည့်စုံစွာ ပါဝင်ပေသည်။ ရှေးခေတ်တပ်မတော်များတွင် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များ ပါဝင်ခဲ့ကြပြီး စစ်ဆင်၊ စစ်တက်၊ စစ်ထိုး၊ စစ်ခံဗျူဟာများဖြင့် စစ်ကစားခဲ့ကြသည်။

စစ်တုရင်ကစားနည်း မြန်မာနိုင်ငံသို့ အေဒီ (၈)ရာစုခန့်တွင် ရောက်ရှိလာရာ မြန်မာပညာရှင်များက ပြုပြင်ပြောင်းလဲခဲ့ကြပြီး မူလစစ်တုရင်နှင့် အသွင်ကွဲစေလျက် မြန်မာ့ရိုးရာစစ်တုရင်ကို ဖန်တီးခဲ့ကြခြင်း ဖြစ်သည်။

မြန်မာ့ရိုးရာစစ်တုရင်ကို တိုးတက်ထွန်းကားအောင် ဆောင်ရွက်ရင်း မြန်မာပြည်နယ်နိမိတ်ကိုပင် ကျော်လွန်ကာ အာဆီယံဒေသအတွင်း ပျံ့နှံ့အောင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အနေဖြင့် ကြိုးပမ်းလျက်ရှိသည်။

၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စစ်တုရင်ကစားနည်းကို ထည့်သွင်းထားသည်။

မြန်မာ့ရိုးရာစစ်တုရင် ကစားနည်းကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန်အတွက် ဆွေးနွေးမှုများကို ယခင်နှစ်များကပြုလုပ်ခဲ့သည်။ အကြိမ်များစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ၂၀၁၁တွင် အာဆီယံစစ်တုရင် (ASEAN - Chess) ဟု အမည်ပေးကာ ထည့်သွင်းကျင်းပရန် အတည်ပြုနိုင်ခဲ့သည်။

အာဆီယံစစ်တုရင်ကစားနည်းအတွက် စည်းမျဉ်းဥပဒေများရေးဆွဲရန် အာဆီယံ စစ်တုရင်ကောင်စီအစည်းအဝေးတစ်ရပ်ကို ၂၀၁၁ခုနှစ် မတ် ၁၄ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဦးဆောင်ဆွေးနွေးပြီး အာဆီယံစစ်တုရင်ကစားနည်း ဥပဒေများကို ရေးဆွဲအတည်ပြုခဲ့သည်။

ကစားကောင်များမှာ မြန်မာ့ရိုးရာ စစ်တုရင်အတိုင်းဖြစ်ကာ ဆင်၊ မြင်း၊ ရထား၊ နယ်၊ မင်းကြီး၊ စစ်ကဲတို့၏ ရွှေ့ကွက်များမှာလည်း မြန်မာ့ရိုးရာအတိုင်း ဖြစ်ပေသည်။

ရေးဆွဲအတည်ပြုပြီးသော အာဆီယံစစ်တုရင်ကစားနည်းနှင့်ဥပဒေများကို အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာအစ်နေးရှပ်လီယွန်က လက်မှတ်ရေးထိုးကာ အာဆီယံနိုင်ငံ အသီးသီးသို့ ဖြန့်ဝေခဲ့သည်။

အာဆီယံစစ်တုရင် ကစားနည်း၏ ပထမဦးဆုံးသောကစားပွဲကို ဦးမောင်မောင်လွင်နှင့်မစ္စတာပရာကျောနီမစ်ယွန်စကူး(ထိုင်း)တို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မစ္စတာလီယွန်မှ ဒိုင်အဖြစ်ဆောင်ရွက်ခဲ့ရာ ရွှေ့ကွက် ၆၀တွင် သရေဖြစ်ခဲ့သည်။

ကစားခုံနှင့်အရုပ်များ

ကစားခုံနှင့် အရုပ်များကို အပြည်ပြည်ဆိုင်ရာ စစ်တုရင်ခုံနှင့် အရုပ်များကိုပင် အသုံးပြုမည် ဖြစ်သည်။ ကစားရုပ်အသစ် ပြုလုပ်ခြင်းနှင့် ကစားခုံအသစ် ရေးဆွဲခြင်း မပြုလုပ်ပါ။ သို့ဖြစ်ရာ ဘုန်းကြီး(Bishop) အရုပ်ကို ဆင်အဖြစ် အသုံးပြုပြီး မိဖုရား (Queen) အရုပ်ကိုမူ မိဖုရားအဖြစ်ပင် ဆက်လက်ခေါ်ဆိုသော်လည်း ရွှေ့ကွက်ကိုမူ စစ်ကဲအတိုင်း သတ်မှတ်သည်။

ကနဦးစစ်တည်ပုံ

နယ်များကို တတိယတန်းတွင် နေရာချထားပြီး ကျန်ကစားကောင်များမှာ ပထမတန်းတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အတိုင်း နေရာချမည်ဖြစ်သည်။



ကစားကောင်များရွှေ့ကွက်

(၁) **မိဖုရား (Queen)**

နီးကပ်လျက်ရှိသော ထောင့်ဖြတ် လေးကွက်သို့ ရွှေ့နိုင်၊ စားနိုင်သည်။



(၂) **ရထား (Rook)**

အလျားလိုက်လိုင်း (Rank) များနှင့် ထောင်လိုက်လိုင်း (File) များအတိုင်း ရွှေ့ကွက် ကန့်သတ်ချက်မရှိဘဲ ရွှေ့နိုင်၊ စားနိုင်သည်။



(၃) **မြင်း (Knight)**

ကန့်လန့်ဖြတ်နှင့် ထောင်လိုက်မဟုတ်သည့် အနီးဆုံး ထောင့်ဖြတ်ကွက်သို့ ရွှေ့နိုင်၊ စားနိုင်သည်။ မိမိ သို့မဟုတ် အခြားတစ်ဖက်မှ ကစားကောင်များကို ခုန်ကျော်သွားနိုင်သည့် တစ်ခုတည်းသော ကစားကောင်ဖြစ်သည်။



မောင်မောင်လွင် (စစ်တုရင်)

(၄) **ဆင် (Elephant)**

နီးကပ်လျက်ရှိသာ ထောင့်ဖြတ် လေးကွက်နှင့် နီးကပ်လျက်ရှိသော ရှေ့တည့်တည့် တစ်ကွက်သို့ ရွှေ့နိုင်၊ စားနိုင်သည်။



(၅) **နယ် (Pawn)**

မူလနေရာမှစတင်၍ ရှေ့တည့်တည့် တစ်ကွက်သာ ရွှေ့နိုင်ပြီး ရှေ့ ဝဲ၊ ယာ ကပ်လျက်ရှိ ထောင့်ဖြတ်နှစ်ကွက်ရှိ ပြိုင်ဘက်ကစားကောင်ကို စားနိုင်သည်။



(၆) **မင်းကြီး (King)**

ရှေ့၊ နောက်၊ ဝဲ၊ ယာ ထောင့်ဖြတ်ကပ်လျက် အကွက်များသို့ ရွှေ့နိုင်၊ စားနိုင်သည်။



နယ်အဆင့်တိုးမြှင့်ခြင်း

နောက်ဆုံးတန်းဖြစ်သည့် အဋ္ဌမမြောက်အတန်း (8^{th}Rank) သို့ နယ်ရောက်ရှိသွားပါက ရောက်ရာအကွက်တွင် ချက်ချင်းပင် မိဖုရားအဖြစ် တိုးမြှင့်စေသည်။ မိဖုရားရွှေ့ကွက်၊ စားကွက်များ ချက်ချင်းသက်ရောက်သည်။

လိုက်ကွက်များ

အထီးကျန် မင်းကြီးကို မင်းကြီး + ရထားဖြင့် လိုက်ပါက ၁၆ကွက်၊ မင်းကြီး + ဆင် + မိဖုရားဖြင့် လိုက်ပါက ၄၄ကွက်၊ မင်းကြီး + မြင်း + မိဖုရားဖြင့် လိုက်ပါက ၆၄ကွက်ဖြင့် အမိဖမ်းနိုင်ခြင်းမရှိပါက သရေသတ်မှတ်သည်။

အခြားအခြေအနေများအတွက် ရွှေ့ကွက် ၅၀ ဖြစ်သည်။

အပ်ကွက်(Stale Mate)နှင့် ခွေသံမစဲ (Perpectual Check)များအတွက် သရေသတ်မှတ်သည်။

နယ်ကျော်စားနှင့် ရထားပြောင်းပြုလုပ်ခွင့်မရှိပါ။

အနေအထားတူ သုံးကြိမ် သရေတောင်းခြင်းခွင့်မပြုပါ။

ရွှေ့ကွက်မှတ်တမ်း

ရွှေ့ကွက်များကို အက္ခရာ သင်္ချာသင်္ကေတစနစ် (Algebraic notation) ဖြင့် ရေးမှတ်ရမည်ဖြစ်သည်။

ကစားကောင်တစ်ကောင်ချင်းစီကို သက်ဆိုင်ရာအမည်၏ ပထမ စာလုံးဖြင့် သင်္ကေတပြုသည်။ ဘုရင် (King)= K, မိဖုရား(Queen)=Q, ရထား(Rook)=R, ဆင် (Elephant)=E, မြင်း(Kinght)= N, နယ် (Pawn)အတွက် ပထမစာလုံး သုံးရန်မလို။ ရှေ့တွင် သင်္ကေတဖော်ပြခြင်း မရှိဘဲ အက္ခရာသင်္ချာစနစ်ဖြင့်သာ ရေးသားသည်။

ထောင်လိုက်တန်း(File)များကို အဖြူ၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ a,b,c,d,e,f,g,h ဟု အင်္ဂလိပ်အက္ခရာစာလုံးသေးဖြင့် သတ်မှတ်သည်။

အလျားလိုက်တန်း(Rank) များကိုအဖြူဘက်မှ အမည်းဘက်သို့ 1,2,3,4,5,6,7,8, ဟု သတ်မှတ်သည်။

စစ်တုရင်ခုံမှ စတုရန်းကွက် ၆၄ကွက်စလုံးတွင် စတုရန်းကွက် တစ်ခုချင်းစီ၌ သီးခြားသတ်မှတ်ပေးထားသည့် အက္ခရာနှင့် နံပါတ်တစ်ခုစီရှိသည်။

ကစားကောင် ရွှေ့ကွက်ကို ကစားကောင် သင်္ကေတနှင့် ရွှေ့မည့် အကွက်ဆက်ရေးပြီး ဖော်ပြသည်။ (ဥပမာ-မိဖုရား e5သို့ရွှေ့ခြင်း= Qe5)နယ်များအတွက်မူ နောက်ဆုံးရောက်ရှိအကွက်ကိုသာ ဖော်ပြသည်။

(ဥပမာ- နယ်e4သို့ရွှေ့ခြင်း=e4)

အာဆီယံစစ်တုရင်၏ အနာဂတ်

မြန်မာ့ရိုးရာစစ်တုရင်ကို အခြေခံသည့် အာဆီယံစစ်တုရင်ကို အတည်ပြု ပြဋ္ဌာန်းလိုက်ပြီဖြစ်ရာ နောင်ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် စစ်တုရင်အားကစားနည်း ထည့်သွင်းကျင်းပသည့်အခါ အပြည်ပြည်ဆိုင်ရာ စစ်တုရင်နှင့် ယှဉ်တွဲလျက် အာဆီယံစစ်တုရင်ပါ ပါဝင်လာတော့မည်ဖြစ်သည်။ မြန်မာ့ရိုးရာစစ်တုရင်အားကစားသမားများအတွက် လက်စွမ်းပြကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အခွင့်အရေး တစ်ရပ်ပင်။

ကွန်ပျူတာအသုံးပြုပြီး အဖွင့်ပိုင်း ကစားကွက်များကို ရှာဖွေပြင်ဆင်ကစားရာမှ ကွန်ပျူတာများ အဆင့်မြင့်လာသည့်အလျောက် ကစားကွက်များ ကုန်သလောက်ရှိလာသည့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ကို ငြီးငွေ့မှုများရှိလာကြပြီဖြစ်ရာ ဤအာဆီယံစစ်တုရင် ကစားနည်းမှာ မိမိတို့ဒေသနယ်နိမိတ်ကို ကျော်လွန်ပြီး ကမ္ဘာတစ်လွှားပျံ့နှံ့သွားမည်မှာ အသေအချာဖြစ်ပေတော့သည်။ ။



တောင်တွင်းကြီးမြို့နယ် မြို့မဈေးကြီးအတွင်း မီးသတ်ရေစင်ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ဖေဖော်ဝါရီ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်မောင်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းကို သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇:၀၀နာရီမှ ၁၈:၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကြံခင်းမြို့ ရွာသစ်ရပ်ကွက် စစ်ရဲလမ်းတစ်လျှောက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူး (အခွန်) ဦးဌေးမြင့်အောင် မတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ရှင်းလင်းပွဲကျင်းပ

ကြံခင်း ဧပြီ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ရှင်းလင်းဟောပြောပွဲကို ဧပြီ ၂ ရက် နံနက် ၉ နာရီက ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်(၅)က ဥပဒေများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါဟောပြောပွဲသို့ ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၁၀၉ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရေလှောင်ကန် အမ်းမြို့နယ်၌ဖွင့်

အမ်း ဧပြီ ၅

ရခိုင်ပြည်နယ် အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တူးဖော်ဆောင်ရွက်ခဲ့သော စည်တောင်ကြီးကျေးရွာ၌ မြေသားမိုးရေလှောင်ကန်သစ်ဖွင့်ပွဲကို မတ် ၂၁ ရက်ကကျင်းပရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

(၈၃)ကြိမ်မြောက် သွေးလှူဒါန်း

ဖလမ်း ဧပြီ ၅

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်နေ ဦးပီတာဇုံအုပ်သည် ဖေဖော်ဝါရီ ၁၇ရက်က ဖလမ်းမြို့ အထူးကုဆေးရုံကြီး သွေးလှူဘဏ်တွင် (၈၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မကွေးတိုင်းရင်းဆေးရုံသို့ လေအေးပေးစက်တစ်စုံ လှူဒါန်း

မကွေး ဧပြီ ၅

မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန မကွေးတိုင်းရင်းဆေးရုံသို့ ငွေကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ လေအေးပေးစက်တစ်စုံ ပေးအပ်လှူဒါန်းပွဲကို မတ် ၁ရက်က မကွေးတိုင်းရင်းဆေးရုံအုပ် ရုံးခန်း၌ ကျင်းပသည်။

ထို့နောက်အလှူရှင် မန္တလေးမြို့ မောရဂီဝါရပ်နေ ဒေါက်တာငွေငွေခိုင် မောရိယဆေးတိုက်ကိုယ်စား ဦးမင်းခန့်က လေအေးပေးစက်တစ်စုံကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဦးအောင်စိုးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်ကြူကြူက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မကွေးတိုင်းရင်းဆေးရုံ)**

အောင်လံမြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးသစ်ဖွင့်

အောင်လံ ဧပြီ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံးသစ်ဖွင့်ပွဲကို မတ် ၂၀ရက်က အောင်လံမြို့ စက်ရုံရပ်ကွက် ဝတ်ကျောင်းလမ်းရှိ ရုံးသစ်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခိုင်လျှံကျင့်ထန်က ရုံးဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ရုံးသစ်ကို တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အခွန်ဦးစီးဌာနမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(၀၀၉)**

လှူဒါန်း

ရွှေဒေါင်းလမ်း ကမ်းနားလမ်းအနောက် အင်းစိန်မြို့နယ် ရန်ကုန်မြို့နေ ဦးခင်သန်း-ဒေါ်ညွန့်ရီ (သုခဝတီဆန်စက်)မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

မိတ္ထီလာ မဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မိတ္ထီလာ ဧပြီ ၅

၂၀၁၁ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်နေသည်။ မိတ္ထီလာမြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်မှ ယိမ်းအဖွဲ့များဖြင့် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ဗဟိုမဏ္ဍပ်၌ ညစဉ် ကပြဖျော်ဖြေသွားမည်ဖြစ်သည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမဏ္ဍပ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မဏ္ဍပ်၊ မြို့နယ်ရဲတပ်ဖွဲ့မဏ္ဍပ်၊ ဆောက်လုပ်ရေးမဏ္ဍပ်လေးခုမှ ရေကစားမဏ္ဍပ်များဖြင့် ပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်သည်။

ကပြသီဆို

နံနက်ပိုင်း ဗဟိုရေကစားမဏ္ဍပ်တွင် ခေတ်ပေါ်တေးဂီတဝိုင်းနှင့်အတူ စင်တင်အမျိုးသမီးအဆိုတော်များက တေးသံသာများဖြင့် ကပြသီဆိုသွားမည်ဖြစ်သည်။ သင်္ကြန်အတက်နေ့ညတွင် ဆုရယိမ်းအဖွဲ့များအား ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ ရပ်ကွက်များတွင်လည်း သင်္ကြန်ရေကစားမဏ္ဍပ်များဖြင့် ရေကစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၁၂)**

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ဆုရဓာတ်ပုံပြပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (၄၇)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံ၊ အနုပညာဓာတ်ပုံများ ပြပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းခန်းမ၌ မတ် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပပြီး ဟောပြောပွဲများကို မတ် ၁၈ ရက်မှ ၂၀ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိကျင်းပရာ ဦးလွန်းကြွယ်၊ ဦးသီဟသိန်းဉာဏ်၊ ဇော်မင်းယု၊ လှမြင့်ဆွေ၊ ပန်းချီစိုးမိုး၊ ဇော်မြင့်(နာဂိုရာ)တို့က ဟောပြောခဲ့ကြသည်။

ဖြန့်ချီ

မြန်မာနိုင်ငံဓာတ်ပုံအသင်း (၁၉၅၀ မှ ၂၀၁၀)အထိ နှစ်(၆၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းကိုလည်း တစ်နိုင်ငံလုံးသို့ စိတ်ကူးချိုချိုစာပေမှ ဖြန့်ချီလိုက်သည်။ **(၀၀၈)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်နှင့်အဖွဲ့ မတ် ၄ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင် ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

မတ် ၂၂ ရက်က တိုက်ကြီးမြို့မဈေး မီးဘေးလုံခြုံရေးအတွက် အမှုဆောင်အရာရှိနှင့် စည်ပင်ဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြတ်ထွန်းရီ ဦးဆောင်သောအဖွဲ့ ရေယာဉ်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကျိုက်လတ်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာသည့် စွယ်စုံသာလွန် နှစ်ထပ်ရေယာဉ်ကို မတ် ၂၄ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ညောင်တုန်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မတ် ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇော်လွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမြင့်တင်ရေစင်ဆောက်လုပ်ပြီးစီးမှုကို မတ် ၂၀ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

6-4 (16).pmd 1 4/6/2011, 1:38 AM

ရှင်းလင်းပြောကြား

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် AFXB ရုံးခွဲ၌ မတ် ၂၃ ရက်က HIV/AIDS ကာကွယ်တားဆီးရေး အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပရာ ကျိုက်လတ်ရုံးခွဲမှ ဦးခင်မောင်ဆွေက ရှင်းလင်းပြောကြားစဉ်။

(မြန်မာ့အလင်း)

မကွေးမြို့နယ်စစ်မှုထမ်းဟောင်းများ တွေ့ဆုံပွဲ အခမ်းအနားကျင်းပ

မကွေး ဧပြီ ၅

မကွေးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အရန်အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဖတ်ကြားတင်ပြ

ထို့နောက် မကွေးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးက မြို့နယ်အစီရင်ခံစာကို ဖတ်ကြားတင်ပြခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အာဆီယံဘောဂဗေဒနှင့် စီးပွားရေးကျောင်းသားများ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဧပြီ ၅

မတ် ၂ ရက်မှ ၆ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် အာဆီယံဘောဂဗေဒနှင့် စီးပွားရေးကျောင်းသားများ တွေ့ဆုံပွဲ (၂၀၁၁) အီးဘီအက်(စ်) ဆမ်းမစ်သို့ PS Business School ၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ခြောက်ဦး တက်ရောက်ခဲ့သည်။

ထို့အတူ စင်ကာပူနိုင်ငံ၌ ကျင်းပသော နိုင်ငံတကာ ဈေးကွက်အစီအစဉ်ရေးဆွဲယှဉ်ပြိုင်ပွဲ အိုင်အမ်စီ ၂၀၀၉နှင့် အိုင်အမ်စီ ၂၀၁၀တို့တွင်လည်း PS Business School က နှစ်နှစ်ဆက်တိုက် နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဆောင်ရွက်

စင်ကာပူနိုင်ငံရှိ NUS တက္ကသိုလ် အာဆီယံ လူငယ် ခေါင်းဆောင်အဖွဲ့က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင်ကျင်းပသော အေဝိုင်အယ်လ်အီး ၂၀၀၉နှင့် မလေးရှားနိုင်ငံတွင် ကျင်းပသော အေဝိုင်အယ်လ်အီး ၂၀၁၀တွင်လည်း တက်ရောက်ပါဝင် ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံပွဲတွင် ယဉ်ကျေးမှုဆိုင်ရာဖလှယ်ခြင်း၊ ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ လေ့လာရေးခရီးစဉ်များ ပါဝင်ပြီး ဆွေးနွေးသည့် ခေါင်းစဉ်မှာ 'Fostering Advancements in the ASEAN Region Through Innovation and Unity' ဖြစ်သည်။

ဖလှယ်

တွေ့ဆုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ အာဆီယံဒေသတွင်းရှိ မိုတင်းနေထိုင်ကြသူများ၊ အထူးသဖြင့် လူငယ်များအကြား ခိုင်မာသောရင်းနှီးမှု၊ နွေးထွေးမှုများ ဖြစ်ပေါ်လာစေရေး တွန်းအားပေးရန်၊ ဘောဂဗေဒနှင့် စီးပွားရေးနှင့်သက်ဆိုင်သော အတွေ့အကြုံ၊ ဗဟုသုတဖလှယ်ရန်၊ အရှေ့တောင်အာရှ ဒေသအတွင်းရှိ ဘောဂဗေဒနှင့် စီးပွားရေးပညာရပ်များကို လေ့လာနေသော ကျောင်းသားများအဖွဲ့ (စီကွန်) ဆက်လက် တည်တံ့နိုင်ရေး၊ အာဆီယံဒေသဆိုင်ရာ စီးပွားရေးနှင့် ဓလေ့စရိုက်များကို ပိုမိုသိရှိလာနိုင်စေရန်တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ အဖွဲ့ဝင်များ လေ့လာရေးခရီးကို မတ် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်နှင့် ကျောက်တန်းမြို့နယ်များသို့ သွားရောက်ရာ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်သောင်း (အောင်မြင့်သောင်း ဘူမိဗေဒ)က သန်လျင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ စာအုပ်များ ပေးအပ်လှူဒါန်းသဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ သန်လျင် မင်းကြည်လှိုင်က လက်ခံယူစဉ်။ (၀၁၇)

မင်းဘူး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

မင်းဘူး ဧပြီ ၃

မင်းဘူး(စကု)မြို့နယ် ချောင်းဖြူကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ခြင်းကို မတ် ၁၁ ရက်က ချောင်းဖြူကျေးရွာ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဒေါင်းက အိမ်ထောင်စုလူဦးရေစာရင်း ၁၇၁ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကျား ၅၀၊ မ ၄၈ ဦး စုစုပေါင်း ၉၈ ဦးတို့အား ထုတ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ မင်းဘူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်း၊ မင်းဘူးမြို့နယ် ဦးစီးဌာနမှူး ဦးမျိုးမြင့်ဦးနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး ချောင်းဖြူကျေးရွာတွင် ကျန်ရှိသူများအား ထုတ်ပေးသွားရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

Saijo Denki လေအေးပေးစက်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဧပြီ ၅

အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံး အမျိုးမျိုးတို့အတွက် ထိုင်းနိုင်ငံမှ နောက်ဆုံးပေါ် စွမ်းအင်အထူးချွေတာသော ဂျပန်နည်းပညာ၊ နည်းစနစ်ဖြင့်ထုတ်လုပ်ထားသောအရည်အသွေးမြင့် Saijo Denki အမှတ်တံဆိပ် လေအေးပေးစက်များကို M.N.T Co.,Ltd. မှ မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဈေးကွက်အတွင်းသို့ စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

Saijo Denki လေအေးပေးစက်များတွင် Japanese Branded Compressor များ အသုံးပြုထားခြင်း၊ အခြားသာမန် Air Con တွေထက် အအေးပျံ့နှံ့မှုနှုန်း မြန်ဆန်ခြင်း၊ အသံလုံးဝမထွက်ခြင်း၊ စွမ်းအင်ကို ချွေတာသုံးစွဲနိုင်ခြင်း၊ Coil ၏သက်တမ်းကို ပိုမို တာရှည်ခံနိုင်ခြင်းစသည့် ထူးခြားချက်များဖြင့် ပြည့်စုံသော အရည်အသွေးမြင့် (Long Time Quality)ဖြစ်ပြီး ထိုင်းနိုင်ငံ၏ နံပါတ်တစ်အရောင်းရဆုံး ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော Air Con ဖြစ်ကြောင်း သိရသည်။

M.N.T Co.,Ltd. မှ Saijo Denki အမှတ်တံဆိပ် လေအေးပေးစက်များဖြစ်သည့် Wall Type၊ Ceiling Type ၊ Duct Type၊ Cassett Type နှင့် Floor Standing Type အမျိုးမျိုးကို တင်သွင်း ဖြန့်ဖြူးလျက်ရှိပြီး အဆိုပါ လေအေးပေးစက်များကို ဝယ်ယူခြင်း၊ တစ်ဆင့် ပြန်လည်ရောင်းချခြင်းနှင့် ကိုယ်စားလှယ် ယူလိုပါက M.N.T Co., Ltd. လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၉၁၅၁၊ ၅၀၅၂၇၈နှင့် ၀၉-၅၀၂၃၀၉၀ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သီပေါမြို့နယ် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ အထကကျောင်းရှေ့ မြေယာရှုခင်း၌ မြေယာပြုပြင်ခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်း မတ် ၂၈ ရက်က ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့နယ် မင်္ဂလကျေးရွာ မြေသားရေလျောင်ကန် တူးဖော်ခြင်းလုပ်ငန်းကို မတ် ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင် မတ် ၁၉ ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပျိုးပင်များပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့ မတ် ၁၃ ရက်က သုံးခွမြို့နယ် ပန်းခြံ၊ ပျိုးဥယျာဉ် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်တင်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကွတ်ခိုင်မြို့နယ် စံပြလမ်းသွယ်(၂)ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မျိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

(သတင်းစဉ်)



တကယ့်ငှက်ကဲ့သို့ ပျံသန်းနိုင်သော စက်ရုပ်ငှက်

မြန်မာ့အလင်း
နည်းပညာသိပ္ပံ

ဟန်နိုဗာ ဧပြီ ၅

ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် ကမ္ဘာ့ထိပ်တန်းစက်မှုဆိုင်ရာ နည်းပညာပြပွဲကြီးတစ်ရပ် ဧပြီ ၃ ရက်က ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါ စက်မှုထိပ်သီးနည်းပညာပြပွဲကြီးတွင် နိုင်ငံပေါင်း ၆၅ နိုင်ငံမှ နည်းပညာကုမ္ပဏီပေါင်း ၆၅၀၀ တို့ ပါဝင်ပြသခဲ့သည်။ ပြပွဲလာပရိသတ်များ အထူးစိတ်ဝင်တစား ကြည့်ရှုခဲ့သောပြခန်းမှာ စင်ရော်စက်ရုပ်ငှက်၏ ပျံသန်းပြသမှုပြကွက်ဖြစ်သည်။ (ဝဲပုံ)

စာမျက်နှာ ၁၀ ကော်လံ ၃ ❐

ကောင်းမြတ်သူ
ရေးသားသည်